ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (16-6-2006) (၄၉၉၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတသစ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ ကျူမာလေ၊ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသူထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ ဘွန်ညံ၊ဗိုရာကျစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေး၊ နတ်မောက်၊ မြို့သစ်နှင့် တောင်တွင်းကြီးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၃ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မကွေးခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ် တံခွန်တိုင်စံပြကျေးရွာရှိ ခါ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးခင်းသို့ ရောက်ရှိ၍ တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

စပေါင်းစိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်–ရွာမွန်–ပျော်ဘွယ်ကားလမ်း၏ လေးအိမ်ကျေးရွာအနီးရှိ နတ်မောက်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၏ ခါ်စည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခါ်စည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြက်ဆူပင်များကို စပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာအညွှန်း

၂၀၀၆ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

❍ *အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးထောက်ကူပေးမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွက်လျက်ရှိနေပြီဖြစ်သည်။* **"မြန်မာအမျိုးသမီးများဂုဏ်ရည် ထာဝစဉ်တန်ဖိုးထားထိန်းသိမ်း"** (ခေါင်းကြီး)စာမျက်နှာ–၂

❍ ***"ဝံသာနုရက္ခိတတရားဟုခေါ်သော အမျိုးကို စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏သိက္ခာ၊အမျိုးသမီးတို့၏အင်အားဖြစ်ကြောင်း၊ ထိုသို့သော သိက္ခာ၊ထိုသို့သော အင်အားဖြင့်သာ အမျိုးသမီးတို့၏တန်ဖိုးကို အကဲဖြတ်နိုင်ပါကြောင်း"***
ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏
"သမိုင်းစဉ်ထဲမှ မြန်မာအမျိုးသမီးများ၏တန်ဖိုး"
(ဆောင်းပါး) စာမျက်နှာ–၆

❍ အေးခင်ခင်လှိုင်၏ **"ကျန်စစ်မင်းက လမ်းညွှန်ပြ"**
(ကဗျာ) စာမျက်နှာ–၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆-၆-၂၀၀၆
(သောကြာနေ့)

မြန်မာအမျိုးသမီးများဂုဏ်ရည် ထာဝစဉ်တန်ဖိုးထား ထိန်းသိမ်း

မြန်မာတို့သည် ရှေးဘိုးဘေး ဘီဘင် အစဉ်အဆက်မှသည် မျက်မှောက်ကာလအထိတိုင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားအောင် မြှင့်တင်လာခဲ့ကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်စေရန် အစဉ်တစိုက်ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်။

နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုတို့ ထာဝရတည်တံ့ခိုင်မြဲနေရန် လိုအပ်သည်။ ထို့ကြောင့် မိမိတို့၏နိုင်ငံကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ် ကာကွယ်စောင့်ရှောက်ရုံမျှမက ယဉ်ကျေးမှုဟူသည့် တံတိုင်းဖြင့်လည်း ကာရံထားကြရမည်ဖြစ်သည်။ အထူးသဖြင့် ဝံသာနုရက္ခိတတရားဟူသော အမျိုးကိုချစ်သည့်စိတ်ဓာတ်၊ အမျိုးကိုချစ်မြတ်နိုးသည့်စိတ်ထား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် စောင့်ထိန်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

အမျိုးကို ချစ်ခင်မြတ်နိုးစောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏သိက္ခာ၊ အမျိုးသမီးတို့၏အင်အား၊ အမျိုးသမီး တို့၏တန်ဖိုးတို့နှင့် ဆက်စပ်ယှက်နွယ်လျက်ရှိရာ မိမိတို့၏ဂုဏ်ရည်ကို ထာဝစဉ် ဝင့်ထည်တောက်ပနေစေရန် တန်ဖိုးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်လုံခြုံရေး၊ ကာကွယ်စောင့်ရှောက် ပြုစုပျိုးထောင်ရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု၊ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများကို အခါမလပ် လုပ်ဆောင်ပေးနေသည်။

အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးထောက်ကူပေးမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွက်လျက်ရှိနေပြီဖြစ်သည်။ နိုင်ငံ့တာဝန်များကို အမျိုးသားများနှင့် တန်းတူရည်တူ ပါဝင်ထမ်းဆောင်လျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် မိမိတို့ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရာတွင် စံနမူနာယူဖွယ်ဖြစ်သည်။ ခေတ်အဆက်ဆက် အမျိုးသားရေးအကျိုးစီးပွားကို ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာအမျိုးသမီးတို့၏ ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးတမ်းများနှင့်အညီ မိမိတို့၏ ဂုဏ်ရည်ကို ထာဝစဉ်မြတ်နိုး တန်ဖိုးထားထိန်းသိမ်းရင်း မြန်မာအမျိုးသမီးများဘဝ အခြေမြင့်အနေတင့်စေရေး ဆက်လက်ကြိုးပမ်းသွားကြရဦးမည် ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ နန်းတင်မျိုးလတ်က ငွေကျပ် ၂၀၀၀၀၀ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တန်ဖိုးရှိလှ၊ လူငယ်ဘဝ မူးယစ်ကင်းစင်၊ ကျန်းမာမှ

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သထုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၅

သထုံအသင်း(ရန်ကုန်)သည် ဗားကရာကျောင်းတိုက်ရှိ သီရိဝေလာ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ နိုင်ငံတော်မှ ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ချီးကျူးပူဇော်ပွဲနှင့် အသက်(၇၅)နှစ်နှင့် အထက်အသင်းဝင်များအား သက်ကြီးပူဇော်ကန်တော့ပွဲကို ဇူလိုင် ၂ရက် (ဝါဆိုလဆန်း ၈ရက်) နံနက် ၈နာရီခွဲတွင် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းကပ်လှူလိုသူများ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ဝတ္ထုငွေပူဇော်လိုသူများနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄၊ ဒေါ်ခင်မကြီး ဖုန်း-၅၇၇၆၅၈နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၁၂) ရပ်ကွက် စောမဟာလမ်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ကျောင်းသုံး ပရိဘောဂ၊ စာရေးစားပွဲနှင့် ထိုင်ခုံများကို ပေးအပ်လှူဒါန်းစဉ်။
(၁၉)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း(အငြိမ်းစား)အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော ဒေါက်တာတောင်းလွန်း၊ စီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ပိုလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၆

ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို မေ ၂၃ရက်တွင် ဝါဆောမြို့၌ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာလက်(ချ်)ကာဇင်(န်) စကီးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် ကျောင်းသုံးပရိဘောဂ လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် စောမဟာလမ်းရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၉)ကျောင်းခန်းမ၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းက အခြေခံပညာကျောင်းများသို့ ကျောင်းသုံးပရိဘောဂ၊ စာရေးစားပွဲနှင့် ထိုင်ခုံများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်း ၄၀၉ကျောင်း၌ လိုအပ်သည့် ကျောင်းသုံးပရိဘောဂ၊ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် ၃၄၀၀ ကို ပရိဘောဂစက်ရုံမှ ထုတ်လုပ်လှူဒါန်းမည့်အခြေအနေနှင့် ပရိဘောဂများ အစဉ်ကောင်းမွန်နေစေရန် တာဝန်ရှိသူများက ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၉)နှင့် အမှတ်(၁၁) တို့သို့ တန်ဖိုး ကျပ်ကိုးသိန်းကျော်ရှိ ကျောင်းသုံးပရိဘောဂ၊ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် အစုံ ၃၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စောင်ရေ ၅၂၀တို့ကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ပေးအပ်ကြသည်။

ယင်းနောက် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ပညာရေးမှူး ဦးလက်ကျင်ခုပ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (၁၉)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၁)ရပ်ကွက်၊ ဘူတာရုံလမ်းနေ ဦးတိုး၏ အသက်(၇၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။ (က-ပ)

ဆေးပညာစာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Common Clinical Problems 2006 စာပေးစာယူသင်တန်းကို ဇူလိုင် ၁ရက်မှ ဩဂုတ် ၃၁ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် ဇွန် ၂၆ရက်မှ ဇူလိုင် ၁၅ရက်အထိ ရုံးချိန်အတွင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၉၄၁၄၁ တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်း တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေး–သစ်ရာကောက်–ကိုးပင်–အောင်လံ ဖြတ်လမ်း၊ ကိုးပင်–စမ်းမကြီး–သစ်ရာကောက်လမ်း စီမံကိန်း၏ ကျောက်ခင်းလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းက ဌာနအလိုက် ခြစည်းရိုးကြက်ပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ နတ်မောက်မြို့နယ် ဌာနဆိုင်ရာအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် ၄၀၉၂၅ကေ စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၅၀၂၈ကေ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နတ်မောက်–ရွာမွန်လမ်း၏ မိုင်တိုင်အမှတ်(၃/၆)သို့ ရောက်ရှိ၍ စည်သာကျေးရွာအုပ်စု ကျွဲမကျကျေးရွာက စုပေါင်းစိုက်ပျိုးထားသည့် ခုနစ်ဧကရှိ ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းချောင်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီး–မြို့သစ်–နတ်မောက်လမ်း၌ ယင်းချောင်းကိုဖြတ်ကျော်၍ နတ်မောက်မြို့နှင့် မြို့သစ်မြို့တို့ကို ဆက်သွယ်မည့် အရှည်ပေ ၃၀၀ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တံတားဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့နယ် ကျားထူးကျေးရွာအနီး၌ နတ်မောက်မြို့နယ်တရားရုံးဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင်တစ်ဧကကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၂၅/၇)အနီးရှိ ဆေးပုလဲကွင်း၌ ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧကကို လည်းကောင်း၊ ကံသာလေးကျေးရွာအနီး၌ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ခြောက်ဧကကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမသို့ သွားရောက်ပြီး မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံမှာကြား

ရှေးဦးစွာ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါ်ကြွယ်နှင့် နတ်မောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုတို့က မြို့နယ်အလိုက် စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း တင်ပြကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေး၊ မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်တို့ကို သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရေး မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုလင်းကြီး စံပြကျေးရွာက ပုလင်းဆည်ရေသောက်ဖြင့် စိုက်ပျိုးထားသည့် ရွှေမြန်မာ မျိုးသန့်စပါးစိုက်ခင်း ဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့နယ် စတုံးချောင်းတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့သို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းခန်းမ၌ တောင်တွင်းကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပြီး လိုအပ်သည်များကို ရှင်းလင်းမှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့ရှိ သင်တန်းကျောင်းတွင် မိသားစုအိမ်ထောင်သည်လိုင်းများ၊ စိုက်ပျိုးခင်းများ၊ မိုးစပါးမနောသုခစိုက်ခင်းနှင့် လမ်းဘေး ဝဲယာရှိစိုက်ခင်းများ၊ ခြံစည်းရိုးကြက်ဆူပင်များ၊ ပျိုးဥယျာဉ်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလှူငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီးမြို့ အောင်မြင်ဇေယျ ရခိုင်စေတီတော်မြတ်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းငါးဧကကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေး–သစ်ရာကောက်–ကိုးပင်–အောင်လံဖြတ်လမ်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မကွေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ကိုးပင်–စမ်းမကြီး–သစ်ရာကောက်လမ်း စီမံကိန်း၏ ကျောက်ခင်းလမ်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါလမ်းအရှည်သည် ၂၂မိုင်၊ နှစ်ဖာလုံရှိပြီး လမ်းအကျယ်ပေ ၃၀ ရှိသည်။ ကိုးပင်–တောင်တွင်းကြီး–သစ်ရာကောက် မူလလမ်းမကြီးသည် ၅၈မိုင်၊ နှစ်ဖာလုံရှိ၍ အဆိုပါဖြတ်လမ်းမှသွားပါက ၂၆မိုင် ခရီးတိုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသားကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန် ဇွန် ၁၅

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများ ဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ယနေ့နံနက် ၉နာရီတွင် ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများကို တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခဦးထွန်းရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)



ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းပြောကြားစဉ်။ (မိခင်/ကလေး)

အားကစားဝန်ကြီးအား ခရစ်ကက်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ၂၀၀၆ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သော ASIAN Cricket Council Trophy 2006 ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ခရစ်ကက်အသင်းအား လေ့ကျင့်ပေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ခရစ်ကက်အားကစားနည်းပြဆရာ Senior Coach Mr. Fahim (ဘင်္ဂလားဒေ့ရှ်)သည် ယမန်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်၍ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ အကယ်ဒမီ ခုနစ်ထပ်ကွမ်း ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း၊ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် (ပြိုင်ပွဲကျင်းပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ)နှင့်တာဝန်ရှိသူတို့ တက်ရောက်ကြသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၆–၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	Cafe & Bakery ယဉ်ကျေးမှု
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ကျန်းမာစေမည် "ပဲပိစပ်ဆီ"
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	မြန်မာ့သိုင်းပညာသမိုင်းစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဆီးချို၊သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း–၂)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ထမင်းသုတ်၊ဝက်သားချို)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ဗွီစီဒီမိတ်ဆက်
၉း၃၀	ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	ဂီတသံစဉ်အလှဆင် (ဟောမာနေဝင်း)
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ဒေါ်ရီရီမြင့်–အမျိုးသမီး စွမ်းဆောင်ရှင်များအသင်း)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	**အဲဒီမှာ စတွေ့တာပဲ (မင်းအုပ်စိုး၊ နှင်းဝတ်ရည်သောင်း၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်)**
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	Myanmar Video Rhythm
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဓာတ်ငွေ့ရည်တင် သင်္ဘောငါးစင်း တရုတ် တည်ဆောက်မည်

ရှန်ဟိုင်း ဇွန် ၁၄

တရုတ်နိုင်ငံက ဓာတ်ငွေ့ရည် (အယ်လ်အင်ဂျီ) ဝယ်ယူတင်သွင်းရေး လုပ်ငန်းတွင် တိုးမြင့်လာသည့်ဝယ်လိုအားနှင့် အမီလိုက်နိုင်ရန်အတွက် လာမည့် သုံးနှစ်အတွင်း ဓာတ်ငွေ့ရည်တင်သင်္ဘော ငါးစင်းကိုတည်ဆောက်မည်ဖြစ်ကြောင်း သင်္ဘောတည်ဆောက်သည့် ကုမ္ပဏီက တနင်္လာနေ့တွင် ပြောကြားသည်။

တည်ဆောက်

တရုတ်နိုင်ငံလုပ် ဒုတိယမြောက်ဓာတ်ငွေ့ရည်တင်သင်္ဘောကို ရှန်ဟိုင်းမြို့တွင် စတင်တည်ဆောက်နေသည်ဟု ဟူဒေါင် တရုတ်သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီက ပြောကြားသည်။ တရုတ်နိုင်ငံက အယ်လ်အင်ဂျီပြည်ပမှ ဝယ်ယူတင်သွင်းနေရာတွင် သယ်ယူပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှု လျော့ပါးသွားစေရေးအတွက် အဆိုပါကုမ္ပဏီက ဓာတ်ငွေ့ရည်သယ်ယူသည့် သင်္ဘောငါးစင်းကို တည်ဆောက်သွားမည်ဖြစ်သည်။

ယင်းသင်္ဘောတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကုန်ကျမည်ဖြစ်ပြီး အယ်လ်အင်ဂျီ ကုဗမီတာ ၁၄၇၀၀၀ သယ်ယူနိုင်စွမ်း ရှိမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် အယ်လ်အင်ဂျီ ဈေးကွက်ကျဆင်းမှုရှိခဲ့ပြီး အယ်လ်အင်ဂျီ လိုအပ်မှု အခြေအနေသည် ၂၀၁၀ ပြည့်နှစ်အထိ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။ အယ်လ်အင်ဂျီ အသုံးပြုမှု ပမာဏသည် စွမ်းအင်စုစုပေါင်း လိုအပ်မှု၏ ၁၃သမ ၉ ရာခိုင်နှုန်းအထိရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွီဒင်၌ ဘိန်းဖြူ သိမ်းဆည်းရမိ

ဟယ်လ်ဆင်ကီ ဇွန် ၁၄

ဆွီဒင်နိုင်ငံတောင်ပိုင်း လွမ်ဘီမြို့ ရဲတပ်ဖွဲ့သည် ဘိန်းဖြူ၁၅ကီလိုကို တနင်္ဂနွေနေ့တွင် သိမ်းဆည်းရမိလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

အသက်၃၀ကျော် ၄၀ အတွင်းရှိ လူသုံးဦးကိုလည်း ဖမ်းဆီးရမိလိုက်ကြောင်း၊ ၎င်းတို့ အားလုံးမှာ ယခင် ယူဂိုဆလားဗီးယားနိုင်ငံမှ ဖြစ်ကြကြောင်း၊ သိမ်းဆည်းရမိလိုက်သည့် ဘိန်းဖြူများ၏ မှောင်ခိုပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄သန်း နီးပါးရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျာဗားကျွန်း ငလျင်ဒဏ်ကြောင့် ဒေါ်လာသုံးဘီလီယံဖိုးခန့်ဆုံးရှုံး

ဂျကာတာ ဇွန် ၁၄

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းနှင့် ဂျော့ဂျ်ဂျကာတာတို့တွင် မေ ၂၇ ရက်က ငလျင်ဘေးအန္တရာယ်ကျရောက်မှုကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးရမှုမှာ ရူပြား ၂၉ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ) ရှိမည်ဟု ခန့်မှန်းရကြောင်း အင်ဒိုနီးရှားနိုင်ငံ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ငလျင်ဒဏ်ခံရသောဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများ လိုအပ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှု အတိုင်းအတာကို လေ့လာနေဆဲဖြစ်သဖြင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ မည်မျှသုံးစွဲရမည်ကို မဆုံးဖြတ်ရသေးကြောင်း အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းဌာန ဝန်ကြီး ပတ်စ်ကက်ချ်ဆူဇီတာက ပြောကြားသည်။

ပျက်စီးဆုံးရှုံးမှု လေ့လာချက်အစီရင်ခံစာကို မကြာမီ ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အစီအစဉ်ကို ဇူလိုင်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်ကို ကိုးကား၍ ဒီတီကွန်သတင်းဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အင်အား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့မှုကြောင့် ပြည်သူ ၅၈၀၀ ကျော်သေဆုံးပြီး ဒဏ်ရာရရှိသူ ၂၀၀၀၀ ခန့်ရှိသည်။ ငလျင်ဒဏ်ကြောင့် အိုးအိမ်မဲ့ဖြစ်ရသူပေါင်း ငါးသိန်းခန့်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဇွန် ၁၄ ရက်က ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲကို ချုံကင်းမြို့ ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နယ်စပ်ဖြတ်ကျော်မှုစာချွန်လွှာ ထိုင်းနှင့်ကမ္ဘောဒီးယား လက်မှတ်ရေးထိုးမည်

ဖနံပင် ဇွန် ၁၄

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အရှေ့ပရာသက်–ပွိုင်ပက်ဒေသ နယ်စပ် ဖြတ်ကျော်ပို့ဆောင်ရေး စည်းမျဉ်းများနှင့် ပတ်သက်၍ ယခုနှစ် စက်တင်ဘာတွင် နားလည်မှု စာချွန်တစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ပွန်ဆတ်ရတ်တာပွန်ပိုင်ဆယ်လ်က အင်္ဂါနေ့တွင် ပြောကြားသည်။

မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများ ယမန်နှစ်က ချမှတ်ခဲ့သည့် နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်အရ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာရှအလယ်ပိုင်းခေါင်းဆောင်များ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆွေးနွေးမည်

ပေကျင်း ဇွန် ၁၄

အာရှအလယ်ပိုင်းနိုင်ငံများမှ ထိပ်သီးဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးများ အာဖဂန်နစ္စတန်မှ ဝင်ရောက်လာခြင်းကို တားဆီးနိုင်ရေးအတွက် ကြားခံနယ်မြေထားရှိရေး အစီအစဉ်တစ်ရပ်ကို ဆွေးနွေးရန် စီစဉ်ထားကြောင်း တရုတ်အစိုးရ အထက်တန်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အထူးသဖြင့် အာဖဂန်နစ္စတန်မှ ဝင်ရောက်လာသော မူးယစ်ဆေးဝါးသည် အာရှအလယ်ပိုင်းဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့ ပျက်ပြားစေရန် ခြိမ်းခြောက်လျက်ရှိကြောင်း နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး လီဟူအိက ပြောကြားသည်။

မူးယစ်ဆေးဝါးသည် ဒေသဆိုင်ရာ တည်ငြိမ်ရေးကို ခြိမ်းခြောက်နေသည့်အပြင် အကြမ်းဖက်သမားများထံ ရောက်ရှိသွားသော အဓိက ငွေကြေးအရင်းအမြစ်ဖြစ်ကြောင်း ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီးဆွေးနွေးပွဲ မကျင်းပမီ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် လီက ပြောကြားသည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တွင် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျီစတန်၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန် နိုင်ငံတို့ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ။



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ မြေငလျင် လေ့လာရေးဌာနတွင် မြေငလျင်တိုင်းတာရေး ဆောင်ရွက်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ပိုလန်နှင့် အိန္ဒိယဆွေးနွေး

ဝါဆော ဇွန် ၁၄

ပိုလန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဝိတိုးဝါဇီကိုစကီးသည် ပိုလန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသည့် အိန္ဒိယအငယ်တန်း နိုင်ငံခြားရေးဝန်ကြီး အာနန်ရှာမာနှင့် ဝါဆောမြို့တော်တွင် တွေ့ဆုံပြီး ကုလသမဂ္ဂပြုပြင်ရေးကိစ္စနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးကြကြောင်း ပိုလန်သတင်းဌာန ပီအေပီက ဖော်ပြသည်။ ပိုလန်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)တွင်အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီးအိန္ဒိယအနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အကောင်းမြင်အယူအဆဖြင့် မျှော်လင့်နေကြောင်း အာနန်ရှာမာက အစည်းအဝေးကျင်းပအပြီး ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ(ယူအင်အက်စ်စီ)တိုးချဲ့ဖွဲ့စည်းရေးအစီအစဉ်ကို မိမိတို့ဆွေးနွေးကြကြောင်း ယူအင်အက်စ်စီပြုပြင်ရေးလုပ်ငန်းတွင် အိန္ဒိယနိုင်ငံက ပါဝင်နိုင်မည့် အခွင့်အရေးရှိကြောင်း ယင်းကောင်စီတွင် အိန္ဒိယအရေးပါသည့် အခန်းကဏ္ဍမှပါဝင်မည်ဟု မိမိတို့အတည်ပြုပြောကြားပါကြောင်း အာနန်ရှာမာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ရှန်ဟိုင်းလေဆိပ်သို့ ဆိုက်ရောက်လာသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီလက်ထရွန်နစ်ပစ္စည်း ဗီယက်နမ်နိုင်ငံ တိုးမြှင့်တင်ပို့

ဟန္နိုင်း ဇွန် ၁၄

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်အကြားတွင် အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့မှုမှ နှစ်စဉ်ဝင်ငွေ ၂၇ရာခိုင်နှုန်း တိုးမြှင့်ရရှိရန် ရည်မှန်းထားကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ဘီလီယံအထိရရှိလာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့က အင်္ဂါနေ့တွင် ကြေညာသည်။

ဗီယက်နမ်နိုင်ငံသည် ကွန်ပျူတာများအပါအဝင် အီလက်ထရွန်နစ်ပစ္စည်းများတင်ပို့မှုပမာဏကို အာဆီယံနိုင်ငံများဈေးကွက်၌ ၂၀၀၅ခုနှစ်တွင် ၂ဒသမ ၂ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် ၅ရာခိုင်နှုန်းအထိ မြှင့်တင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှုသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ် ဂျပန်နိုင်ငံသို့ အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ပီတာဘုရင် ရှေးဟောင်း ရုပ်တုကြီး မွမ်းမံပြင်ဆင်နေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန အင်ဒိုနီးရှားတွင် ထူထောင်မည်

ဂျကာတာ ဇွန် ၁၄

အကြမ်းဖက်သမားများ တိုက်ဖျက်ရာတွင် တိတိကျကျ ညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စအတွက် အကြမ်းဖက်မှု ကိုင်တွယ်ဖြေရှင်းရေးဌာနတစ်ခုကို အင်ဒိုနီးရှားအစိုးရက ထူထောင်မည်ဖြစ်ကြောင်း အဆင့်မြင့်ဝန်ကြီးတစ်ဦးက ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုအပေါ် နည်းလမ်းတစ်ခုတည်းဖြင့် ချဉ်းကပ်ဖြေရှင်းနိုင်ခြင်းမပြုနိုင်ကြောင်း၊ သို့ရာတွင် ပြည့်စုံလုံလောက်သည့် နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းနိုင်ကြောင်း နိုင်ငံရေး၊ တရားရေးနှင့် လုံခြုံရေး ညှိနှိုင်းဆောင်ရွက်ရေး ဝန်ကြီး ဝီဒိုဒိုကိုကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြသည်။

ရင်ဆိုင်နေရ

အင်ဒိုနီးရှားနိုင်ငံသည် ကျယ်ပြန့်ရှုပ်ထွေးပြီး တက်ကြွကာ လက်တွေ့ကျသည့် အကြမ်းဖက်အန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် အကြမ်းဖက် တိုက်ခိုက်မှု၏ ပစ်မှတ်တစ်ခုဖြစ်နေသလို ဘေးဒုက္ခခံစားနေရသည့် နိုင်ငံလည်းဖြစ်နေကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီး၍ လုံခြုံရေးအရ မငြိမ်မသက်ဖြစ်ခဲ့ရပြီး စီးပွားရေး တိုးတက်မှုအတွက် အဟန့်အတားဖြစ်ခဲ့ရသည်ဟု ဝီဒိုဒိုက ဆက်လက်ပြောကြားသည်။ ယင်းကြောင့် ၂၀၀၄-၂၀၀၉ ခုနှစ်ကာလ ဖွံ့ဖြိုးရေးအစီအစဉ် ဖော်ဆောင်ရေး ရည်ရွယ်ချက်အရ အင်ဒိုနီးရှားအစိုးရက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်ဟု ၎င်းက ပြောကြားသွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ဂရိအစိုးရ ချေးငွေထုတ်ပေးမည်

အေသင် ဇွန် ၁၄

ဂရိနိုင်ငံရှိ စီးပွားရေးလုပ်ငန်းဌာန ၂၅၀၀ အတွက် အကူအညီပေးရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (အက်စ်အမ်အီး)ကို ချေးငွေထုတ်ပေးရန် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ သန်း တန်ဖိုးရှိ အစိုးရအစီအစဉ်တစ်ရပ်ကို ဂရိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒီမီထရစ်ဆီအောဖတ်စ်က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါအစီအစဉ်အရ အစိုးရက အက်စ်အမ်အီးများကို ချေးငွေထုတ်ပေးမည်ဖြစ်သည်။ ယင်းချေးငွေကို လက်ရှိလုပ်ငန်းများနှင့် လုပ်ငန်းသစ်များ တိုးချဲ့ရာတွင်လည်းကောင်း၊ ခေတ်မီအောင်ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုရန်ဖြစ်သည်။

ယင်းအစီအစဉ်အရ ထုတ်ပေးသည့်ချေးငွေများတွင် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းတို့အတွက် ပါဝင်ခြင်းမရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဩစတြေးလျ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

ကင်ဘာရာ ဇွန် ၁၄

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ တနင်္လာနေ့တွင် ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးရှာဖွေမှုများ ပြုလုပ်စဉ်အတွင်း ကိုကင်းရှစ်ကီလိုနှင့် လူငါးဦးကို ဖမ်းဆီးရမိကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဆစ်ဒနီမြို့ အနောက်ဘက် စက်ရုံတစ်ခုတွင် ကိုကင်းကြိတ်စက်၊ ဓာတုဗေဒနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ဩစတြေးလျ ရဲတပ်ဖွဲ့ (အေအက်ဖ်ပီ)က တွေ့ရှိကြောင်း၊ နေအိမ်ငါးလုံးကိုလည်း ဝင်ရောက် စီးနင်းရှာဖွေရာ ဩစတြေးလျ ဒေါ်လာ ၂၃၄၀၀၀ (အမေရိကန် ဒေါ်လာ ၁၇၅၀၀၀)ကို သိမ်းဆည်းရမိကြောင်း၊ အဆိုပါ ငွေများမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် သုံးစွဲသောငွေအဖြစ် ယူဆရကြောင်း ရဲတပ်ဖွဲ့က ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကျူးဘားနိုင်ငံ လော့ဆီးကိုမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်အချို့ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ကန့်ဓာတ်ပါဝင်မှုနည်းသည့် ဒီဇယ်ဆီ ကိုလံဘီယာ ဝယ်ယူတင်သွင်းမည်

ဘိုဂိုတာ ဇွန် ၁၄

ကိုလံဘီယာနိုင်ငံ၏ မြို့တော်ဘိုဂိုတာတွင် လေထုညစ်ညမ်းမှု လျှော့ချနိုင်ရန်အတွက် ကန့်ဓာတ်ပါဝင်မှု နည်းပါးသော ဒီဇယ်ဆီဝယ်ယူ တင်သွင်းမည့် အစီအစဉ်ကို ကိုလံဘီယာအစိုးရက လေ့လာသုံးသပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘိုဂိုတာမြို့သည် လက်တင်အမေရိကဒေသ၌ လေထုညစ်ညမ်းမှု အများဆုံး မြို့များတွင် တတိယလိုက်သည့် မြို့ဖြစ်သည်။

အဆိုပါအစီအစဉ်အရ ကိုလံဘီယာနိုင်ငံ၏ နိုင်ငံပိုင်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် အီကိုပက်ထရိုက ပြည်တွင်းဖြစ် လောင်စာဆီဖြင့် ရောစပ်အသုံးပြုရန်အတွက် ဒီဇယ်ကို ပြည်ပမှ မှာယူတင်သွင်းမည်ဖြစ်သည်။

အဆိုပါ အီကိုပက်ထရိုကုမ္ပဏီက ၂၀၀၇ခုနှစ် လေထုညစ်ညမ်းမှု လျှော့နည်းရေးရည်မှန်းချက် ပေါက်မြောက်စေရန်အတွက် ကန့်ဓာတ်ပါဝင်မှုလျှော့နည်းသည့် ဒီဇယ်ကို နေ့စဉ်ပီပါ ၂၅၆၀၀ ဝယ်ယူတင်သွင်းရန် သုံးသပ်လျက်ရှိသည်။

ဒီဇယ် ဝယ်ယူတင်သွင်းမှုကြောင့် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၅၅ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရတ်ခြည်းအားဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဌာနဝန်ကြီး ခန်ဒရာဆော်ရက်ဇ်က ပြောကြားသည်။ ကိုလံဘီယာနိုင်ငံရှိ ရေနံချက်စက်ရုံများက ၂၀၁၀ ပြည့်နှစ်တွင် အရည် အသွေးကောင်းမွန်သည့် ဒီဇယ်ဆီများ စတင်ထုတ်လုပ်သွားမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘောလုံးပွဲတွင် ဆူပူနှောင့်ယှက်သူများကို ဂရိ၌အရေးယူမည်

အေသင် ဇွန် ၁၅

ဘောလုံးပွဲများ ယှဉ်ပြိုင်ကစားစဉ်အတွင်း ဆူပူနှောင့်ယှက်မှုပြုလုပ်သူများကို ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း ဂရိအစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အားကစားပြိုင်ပွဲများတွင် မူးယစ်သောက်စားရမ်းကားကာ ပရိသတ်ကို အနှောင့်အယှက်ပေးမှုများ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ မိမိတို့ သည်းခံတော့မည်မဟုတ်ကြောင်း ဂရိ အားကစားဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဘောလုံးပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆူပူရမ်းကားမှု တားဆီးရေး ဥပဒေကြမ်းတစ်ရပ်ကို ဂရိပါလီမန်တွင် အတည်ပြုနိုင်ရန် ဆွေးနွေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ခရီးဆိုက်ရောက်ချိန် ဗီဇာထုတ်ပေးသည့်စနစ် အင်ဒိုနီးရှား ကျင့်သုံး

ဂျကာတာ ဇွန် ၁၅

အင်ဒိုနီးရှားအစိုးရသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်စေရန် ရည်ရွယ်လျက် နိုင်ငံပေါင်း ၅၀ မှလာရောက်သော ခရီးသည်များအား ခရီးဆိုက်ရောက်စဉ် ပြည်ဝင်ဗီဇာ ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးနေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေး တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဇွန် ၆ ရက်မှစ၍ ခရီးဆိုက်ရောက်စဉ် ပြည်ဝင်ဗီဇာထုတ်ပေးသောစနစ်ကို စတင်ကျင့်သုံးလျက်ရှိကြောင်း တရားရေးဝန်ကြီးဌာနအောက်ရှိ လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်ရုံးမှ ပြည်သူ့ဆက်ဆံရေးအရာရှိ အန်ဝါက ပြောကြားသည်။ အဆိုပါစနစ်ကို ကျင့်သုံးခြင်းဖြင့် ခရီးဆိုက်ရောက်စဉ် ဗီဇာထုတ်ပေးသည့်စနစ်နှင့် အကျုံးဝင်သော နိုင်ငံများနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဆက်ဆံရေး တိုးတက်စေရန် ထောက်ကူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သဲမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု လျှော့ပါးရေး တရုတ်ကြိုးပမ်းမည်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံတွင် သဲမုန်တိုင်းတိုက်ခတ်မှုနှင့် သဘာဝပတ်ဝန်းကျင်အနေအထား ထိခိုက်ပျက်စီးမည့်ဘေးမှ ကာကွယ်ရန်နှင့် ထိန်းချုပ်ရေးဆိုင်ရာ ကြိုးပမ်းမှုများ ထိရောက်အောင်မြင်စေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က အစိုးရဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို တိုက်တွန်းနှိုးဆော်လိုက်သည်။

တရုတ်နိုင်ငံတွင် သဲကန္တာရဒေသများ ကျယ်ပြန့်လာမည့်အန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းကြောင့် သစ်တော ပြုစုပျိုးထောင်ရေး ကြိုးပမ်းမှုများကို အရှိန်မြှင့်ဆောင်ရွက်ရန်လိုအပ်နေကြောင်း ဝမ်ကျားပေါင်က သဲမုန်တိုင်းထိန်းချုပ်ရေး အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

သဲမုန်တိုင်းတိုက်ခတ်မှု တိုက်ဖျက်ရေးလုပ်ငန်းသည် ရေရှည်မဆုတ်မနစ် ကြိုးပမ်းရမည့်လုပ်ငန်းဖြစ်ပြီး သဲမုန်တိုင်းထိန်းချုပ်ရေးစနစ်များ တိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝမ်က ဆက်လက်ပြောကြားသည်။

နိုင်ငံတော်ကောင်စီအောက်ရှိသည့် အစိုးရအဖွဲ့အစည်းများ အနေဖြင့် သဲမုန်တိုင်းထိန်းချုပ်ရေးမူဝါဒနှင့် သဲကန္တာရထိန်းချုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန် ပြုလုပ်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သဲကန္တာရ ကျယ်ပြန့်မှုရပ်ဆိုင်းရေးအတွက် ကြိုးပမ်းရာတွင် သဲကန္တာရဒေသတွင် နေထိုင်ကြသည့် ဒေသခံများက ပူးပေါင်းဆောင်ရွက်ကြရန်ကိုလည်း ဝမ်က တိုက်တွန်းပြောကြားသည်။ အဆိုပါ အစည်းအဝေးတွင် သဲကန္တာရတွင် စိုက်ပျိုးရမည့်သစ်ပင်များ၊ သဲမုန်တိုင်းတိုက်ခတ်ရာဒေသများတွင် သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေး၊ တရုတ်နိုင်ငံ အနောက်မြောက်ဒေသတွင် စိုက်ပျိုးရေးပုံစံ ပြန်လည်ကိုက်ညှိရေးနှင့် သဲမုန်တိုင်းတိုက်ခတ်မှုအတွက် စောင့်ကြည့် လေ့လာရေးနှင့် သတိပေးစနစ်များ ဖော်ဆောင်ရေးကိစ္စများကို တရုတ်သိပ္ပံပညာရှင်များက အကြံပေးဆွေးနွေးကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့ ဗော်လ်ဗိုနိုင်ငံတကာ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ရွက်လှေများကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

သမိုင်းစဉ်ထဲမှ မြန်မာအမျိုးသမီးများ၏ တန်ဖိုး

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

မြန်မာလူမျိုးများတွင် ရှေးပဝေသဏီကာလမှစ၍ ထူးခြားသည့် ကိုယ်ပိုင်အစဉ်အလာ ရှိခဲ့သည်ဆိုသည့် အချက်ကို ကျွန်မတို့ငယ်စဉ်မှစ၍ အထပ်ထပ်အခါခါသင်ယူခဲ့ရသည်။ မိမိတို့က သင်ကြားပို့ချရမည့် အလှည့်တွင်လည်း အကြိမ်ကြိမ် ပြန်လည်သင်ကြားပို့ချခဲ့ကြရသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံကြီး နှစ်နိုင်ငံသည် ယဉ်ကျေးမှုအရ အလွန်အဆင့်မြင့်ကြသည်။ အိန္ဒိယနိုင်ငံသည် အတွေးအခေါ်အမျိုးမျိုးနှင့် ကိုးကွယ်ယုံကြည်မှု အမျိုးမျိုးတို့ မွေးဖွားရာဒေသဖြစ်သည်။ တရုတ်နိုင်ငံသည် အနုပညာအမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုးတို့ ထွန်းကားသည့်နိုင်ငံဖြစ်သည်။

ထိုနိုင်ငံကြီးနှစ်ခု၏အကြားတွင် တည်ရှိသည့် မြန်မာနိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့် နိုင်ငံရေးအရ၊ လူမှုရေးအရ ဆက်ဆံခဲ့ရသလို ယဉ်ကျေးမှုလည်း ကူးလူးဆက်ဆံမှုရှိခဲ့သည်။

ထိုသို့ ကူးလူးဆက်ဆံသည့်အခါ မြန်မာတိုင်းရင်းသားများသည် မည်သည့်အခါမျှ တစ်ပါးသူတို့၏ နေထိုင်နည်း၊ ပြောဆိုနည်းများကို ပုံစံတူကူးချလေ့မရှိပေ။ မိမိတို့၏ ရိုးရာအယူကိုအခြေခံကာ ပြောင်းလဲပြုပြင်၍ ယူတတ်သည်။

ခရစ်နှစ်ဦးကာလများက မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် အဆက်အဆံများခဲ့ကြသည့် တရုတ်နိုင်ငံ၏ မှတ်တမ်းတွင် ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအဖွဲ့ တရုတ်နိုင်ငံသို့ရောက်ရှိကာ ဖျော်ဖြေသည့်အကြောင်းကို ပြည့်စုံခမ်းနားစွာ မှတ်တမ်းတင်ခဲ့ကြသည်။ ထိုမှတ်တမ်းတွင် ပျူတို့၏ ဝတ်ပုံစားပုံ၊ ဘာသာစကား၊ သီဆိုပုံ၊ ကပြပုံတို့နှင့်ပတ်သက်၍ အသေးစိတ်ပါဝင်ပါသည်။ တူရိယာပစ္စည်း ၂၂ မျိုး ပါဝင်သည်ဆိုသည့် အချက်အပြင် သီချင်းဆိုခါနီးတွင် ပျူဘာသာစကားမှ တရုတ်ဘာသာစကားသို့ ဘာသာပြန်ဆိုပြီးမှ သီဆိုဖျော်ဖြေသည့် အကြောင်းလည်း ပါဝင်သည်။ ကပြရာတွင်လည်း ထူးခြားသည့် အသွင်ရှိသည့် အကြောင်း ပါဝင်ပါသည်။ တရုတ်လူမျိုးတို့သည် မှတ်တမ်းတင်ရာတွင် အသေးစိတ်တင်တတ်သဖြင့် ပျူအမျိုးသမီးကလေးများသည် ခေါင်းတွင် ဆံထုံးထုံးကာ ငှက်မွေးများဖြင့်လည်းကောင်း၊ ပုလဲပုတီးများဖြင့်လည်းကောင်း တန်ဆာဆင်ထားသည့်အကြောင်း၊ အဝတ်အစားဝတ်ရာတွင် နှင်းဆီသွေးနေအရဏ်အရောင်များကို ဝတ်ဆင်တတ်ကြကြောင်းလည်း ပါဝင်သည်။

မှတ်တမ်း၏ မည်သည့်နေရာတွင်မျှ ပျူယဉ်ကျေးမှုသည် တရုတ်တို့၏ ယဉ်ကျေးမှုနှင့် တူညီသည် ဆိုသည့်အချက်ကို ရေးသားထားခြင်းမရှိပါ။ တရုတ်လူမျိုးတို့သည် ပျူတို့၏ ထူးခြားသော ယဉ်ကျေးမှုအသွင်သဏ္ဌာန်ကို စိတ်ပါဝင်စားကြပါသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် သာသနာရေးအရ အဆက်အဆံများပါသည်။ ဗုဒ္ဓသာသနာကိုလည်း အိန္ဒိယမှ ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် သာသနိက အဆောက်အအုံများကို ဆောက်လုပ်ရာတွင် မြန်မာတို့၏ ဗိသုကာပုံစံအတိုင်းသာ တည်ဆောက်ကြသည်။ ယခုတိုင် တည်ရှိနေသေးသော သရေခေတ္တရာ ပျူခေတ်ဗိသုကာ လက်ရာများမှသည် ခေတ်အဆက်ဆက် ပုံသဏ္ဌာန်ပြောင်း၍ ပြောင်း၍ တည်ဆောက်ရာတွင်လည်း မြန်မာ့ဟန်ကိုသာ အရယူ၍ တည်ဆောက်ခဲ့ကြသည်။

မြန်မာတို့၏ ဘာသာစကားတွင် ပါဠိဝေါဟာရများ ပါဝင်နေသော်လည်း သီးခြားဘာသာစကားတစ်ခု ဖြစ်သည်။ အက္ခရာစသည်တို့မှာလည်း အိန္ဒိယမှ ဆင့်ပွားယူခဲ့သည်ဖြစ်စေ မြန်မာအက္ခရာသည် အိန္ဒိယအက္ခရာနှင့် အပ်ကျမပ်ကျ တူညီခြင်းမရှိပေ။ အချုပ်ဆိုရသော် မြန်မာတိုင်းရင်းသားများ၏ စားပုံ သောက်ပုံ၊ ဝတ်ဆင်ပုံ၊ နေထိုင်ပုံတို့သည် အိမ်နီးချင်းများနှင့်မတူဘဲ တစ်မျိုးတစ်ဘာသာ ကွဲ၍နေခဲ့သည်။ ထိုနည်းဖြင့် မြန်မာတို့သည် ကိုယ်ပိုင်အစဉ်အလာ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နိုင်ငံကို အရအမိ တည်ထောင်ကာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည်။

ယခုအခါ ကမ္ဘာအရပ်ရပ်တွင် ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်အစဉ်အလာဖြင့် ခိုင်ခိုင်မာမာမရပ်တည်နိုင်သည့် လူမျိုးတို့သည် ဆင်းရဲဒုက္ခတွင်းဆုံးကျသကဲ့သို့သော အနေအထားဖြင့် ရင်ဆိုင်နေကြရသည်။ ထိုသို့သော ဖြစ်ရပ်များကို သတင်းများတွင် ကြည့်ရတိုင်း မိမိတို့ရပ်တည်ရာ၊ နေထိုင်ရာ၊ လဲလျောင်းရာ နေရာတို့၏အောက်တွင် ကိုယ်ပိုင်မြေရှိနေအောင် လက်ဆင့်ကမ်းခဲ့ကြသော ဘိုးဘေးဘီဘင်များ၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့မိပါသည်။

ထိုသို့ ကိုယ်ပိုင်မြေကြီးရှိခြင်းသည် ဂုဏ်သိန်ကြီးမားသော လက္ခဏာတစ်ခုဟုဆိုပါက ထိုဂုဏ်သိန်ကို မည်သူက ဆက်လက်ထိန်းသိမ်းခဲ့ပါသနည်း ဆိုသည့်အချက်ကို လေးလေးနက်နက် တွေးတောရန် လိုအပ်ပါသည်။ ရုပ်ဝတ္ထုသည် သဘာဝအလိုက် တည်နေသည်။ ထိုသဘာဝအလိုက် တည်နေသော ကိုယ်ပိုင်မြေကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲကာ မိမိတို့၏ ဘဝအခြေအနေ တိုးတက်အောင် ဆောင်ရွက်ကြခြင်းသည် လူတို့၏ ယဉ်ကျေးမှုမြင့်တင်သော အလုပ်ဖြစ်သည်။ ထိုသို့ ယဉ်ကျေးမှုကို မြင့်တင်ရန် လိုအပ်ရုံမက ကိုယ်ပိုင်ဖြစ်လာသော ယဉ်ကျေးမှုကို ထိန်းသိမ်းရန်လည်း လိုအပ်ပါသည်။

ကိုယ်ပိုင်ဟုဆိုအပ်သော ဤနိုင်ငံ၊ ဤလူမျိုး၊ ဤယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရာတွင် မိမိတို့နိုင်ငံ၏ နယ်နိမိတ်ပျောက်ပျက်မသွားအောင် နယ်နိမိတ်ကို သွေးဖြင့်ခေတ်အဆက်ဆက်သားကာ၊ နိုင်ငံတော်ကို အရိုးတို့ဖြင့်ကာဆီးကာ ထိန်းရုံမျှဖြင့် မလုံလောက်ပါ။ မလုံလောက်ဟုဆိုသဖြင့် မလုပ်ဘဲရပ်နေရမည်မဟုတ်ပါ။ ခေတ်အဆက်ဆက် လုပ်ဆောင်နေခဲ့ကြရသည်။ လုပ်ဆောင်နေရဆဲလည်း ဖြစ်သည်။

ထိုသို့သွေးဖြင့်၊ အသက်ဖြင့် နိုင်ငံ၏ နယ်နိမိတ်ကို ကာရံဖြင့် ဤနိုင်ငံ၊ ဤလူမျိုး၊ ဤယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရာတွင် မလုံလောက်နိုင်ပါက မည်သည့်အရာဖြင့်ထိန်းရမည်နည်းဟု မေးမြန်းလိုကြပေမည်။ ကျွန်မသည် မိမိနိုင်ငံ၏ ကျေးဇူးဂုဏ်ကိုသာ အာရုံထားကာ ဝံ့ဝံ့စားစား ဖြေဆိုမည်ဖြစ်ပါသည်။ အသက်သွေးတို့သာမက ဝံသာနုရက္ခိတတရား တည်းဟူသော အမျိုးကိုချစ်သည့်စိတ်ဓာတ် ရင့်သန်ကြံ့ခိုင်ခြင်းသည် အသက်သွေးနည်းတူ အရေးကြီးလှသော အရည်အသွေးတစ်ခု ဖြစ်သည်။

ကျွန်မတို့ဘိုးဘေးများသည် ထိုအချက်ကို လေးနက်စွာခံယူခဲ့ကြပါသည်။ ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်တွင် နိုင်ငံကို တည်သူ၊ ထိန်းသူ၊ ဖျက်ဆီးသူဟူ၍ ယေဘုယျအားဖြင့် သုံးမျိုးခွဲနိုင်သော လူများနေထိုင်ခဲ့ကြပါသည်။ ပုဂံဧကရာဇ်နိုင်ငံကိုတည်ထောင်သော အနော်ရထာမင်း၏ နောက်မင်း တစ်ဆက်ခြားတွင် နန်းတက်ခဲ့သော ကျန်စစ်မင်းကြီးသည် အနော်ရထာ တည်ထောင်ခဲ့သည့်နိုင်ငံကို ထိန်းသူဟု ဆိုနိုင်သည်။ စောလူးမင်းနန်းစံခဲ့စဉ်က ယိုယွင်းခဲ့သော နိုင်ငံရေးအခြေအနေများကို ထိန်းသိမ်း၍ နိုင်ငံကိုတည်ငြိမ်အောင် လုပ်ဆောင်ရသည်။ နိုင်ငံသူနိုင်ငံသားများ၏ လိုအင်ကို အဘက်ဘက်တွင် ပြည့်စုံအောင် မင်းကြီးက ဖြည့်ဆည်းရသည်။ ထိုသို့ ကျယ်ပြောသော တာဝန်များကို ထမ်းဆောင်နေရင်း ကျန်စစ်မင်းကြီးသည် သမီးတော် ရွှေအိမ်သည်၏ ခေတ်အပြောနှင့် ပြောရသော် (အသည်းနှလုံး)ကို နိုင်ငံအတွက် စတေးခဲ့ရလေသည်။

ရွှေအိမ်သည်သည် ကျန်စစ်သားမင်းကြီး၏ မိဖုရားခေါင်ကြီးအပယ်ရတနာမှ မွေးဖွားလာသော သမီးတော်ဖြစ်သည်။ သူသည် ပဋိက္ခရားလူငယ်တစ်ယောက်နှင့် ရည်ငံခဲ့သည်။ ထိုသူငယ်သည် စည်ပင်ဝပြောသော ပုဂံနိုင်ငံတော်သို့ ဝင်ထွက်သွားလာခဲ့ကြသော တိုင်းတစ်ပါးသား ဧည့်သည်များအနက်မှ တစ်ယောက်ဖြစ်သည်။ ထိုသူငယ်နှင့် သမီးတော်ရွှေအိမ်သည်ကို ကျန်စစ်မင်းကြီးက ထိမ်းမြားလက်ထပ်ခွင့် မပေးခဲ့ပေ။

ရွှေအိမ်သည်မင်းသမီးသည် အနော်ရထာမင်းကြီး၏ မြေးတော် စောယွန်းနှင့် လက်ဆက်ခဲ့ရလေသည်။ စောယွန်းသည် စောလူးမင်း၏သားဖြစ်သည်။ စောလူးသည် ကျန်စစ်မင်း၏အပေါ်တွင် မည်သည့်အခါကမျှ သက်ညှာခြင်း မရှိခဲ့ချေ။ ထိုသို့ သူ၏အပေါ်တွင် မကောင်းသူဟု ဆိုနိုင်သော စောလူး၏သားနှင့်မှ ရွှေအိမ်သည်ကို လက်ထပ်ထိမ်းမြားပေးရန် ကျန်စစ်မင်းကြီးက ဆုံးဖြတ်ခဲ့သည်မှာ အမျိုးကိုစောင့်ရှောက်သော ဝံသာနုရက္ခိတတရားကို အရာရာထက် တန်ဖိုးထားသောကြောင့် ဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

စောယွန်းကို စောလူး၏ သားဟုသာ ပြောနိုင်သည် မဟုတ်ပေ။ မင်းမြတ်အနော်ရထာ၏ မြေးလည်းဖြစ်သေးသည်။ တစ်နည်းဆိုသော် စောယွန်းသည် အနော်ရထာဆက် မင်းသားတစ်ပါးဖြစ်သည်။ ကျန်စစ်မင်း၏ သမီးတော်နှင့် စောယွန်းတို့လက်ဆက်ပြီးနောက် မွေးဖွားလာသော အလောင်းစည်သူမင်းကြီး ဖြစ်လာမည့် မင်းသားငယ်သည် အနော်ရထာမင်းဆက်သွေးလည်းပါ၍ ကျန်စစ်မင်းဆက်သွေးလည်းစစ်သောကြောင့် ဂုဏ်သိန်ကြီးမားသော သူဖြစ်သည်။ အနော်ရထာမင်းကြီးသည် ပုဂံဧကရာဇ်နိုင်ငံကို တည်ထောင်သူဖြစ်၍ အနော်ရထာဆက်ကိုမှ နန်းတက်စေလိုသူများအတွက်လည်း ကျေနပ်မှုပေးနိုင်သောသူ ဖြစ်သည်။ ထို့ပြင် နိုင်ငံကို ထိန်းသိမ်းနိုင်သော ကျန်စစ်မင်းဆက်၏ သွေးကိုမှ ထီးနန်းပေးလိုသူများအတွက်လည်း ဂုဏ်ယူနိုင်သောသူ ဖြစ်သည်။ မြန်မာနိုင်ငံသားအားလုံး အနေဖြင့် ဝံသာနုရက္ခိတ တရားကို လက်ကိုင်ထားသော၊ ခမည်းတော်၏ အစီအမံကို နားလည်သိတတ်စွာ လက်ခံခဲ့သော ရွှေအိမ်သည် မင်းသမီး၏ စိတ်ဓာတ် တည်ကြည်ကြံ့ခိုင်မှုအတွက် ဂုဏ်ယူဝင့်ကြွားနိုင်မည် ဖြစ်ပါသည်။

ဤနေရာတွင် ရွှေအိမ်သည်အမည်ခံသူ နောက်မင်းသမီးတစ်ဦး၏ အကြောင်းကိုလည်း ရှင်းလင်းတင်ပြရန် လိုအပ်သဖြင့်တင်ပြလိုပါသည်။ ပထမရွှေအိမ်သည်သည် ကျန်စစ်မင်းကြီး၏ သမီးဖြစ်သည်။ ဒုတိယရွှေအိမ်သည်သည် နရပတိစည်သူမင်းကြီး၏ သမီးဖြစ်သည်။ နရပတိစည်သူ မင်းကြီး၏သမီးသည် သထုံဘုရင် မကုတ(မနူဟာ)၏မြေး နာဂသမန်းနှင့် လက်ဆက်ခဲ့သည်။ နာဂသမန်းမှာ အသဝတ်ဓမ္မာ၏ သားတော်ဖြစ်သည်။ နရပတိစည်သူမင်းသည် အသဝတ်ဓမ္မာနှင့် အမျိုးမပြားဆွေသားမိတ်ရင်း ဖြစ်ကာ နိုင်ငံတော်ကို တည်ငြိမ်စေလိုသောကြောင့် သမီးဖြစ်သူနှင့် နာဂသမန်းကို လက်ဆက်စေခြင်းဖြစ်သည်။ ထိုခေတ်က မွန်နှင့်ဗမာတို့သည် ယခုခေတ်မြန်မာနိုင်ငံသားတို့၏ ဘိုးဘေးဘီဘင်များ ဖြစ်သည်ဟု ဆိုနိုင်သည်။ မြန်မာဆိုသည်မှာ တိုင်းရင်းသားများ အချင်းချင်း ဆွေရင်းမျိုးချာများအဖြစ် သွေးနှောရာမှ ပေါ်ပေါက်ထွန်းကားလာခြင်းဖြစ်သည်။

မြန်မာစကားတွင် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်မည် ဟူသော စကားရှိပါသည်။ တိုင်းရင်းသားများ အချင်းချင်း သွေးနှောကြခြင်းသည် ထိုစကားနှင့် သဘောချင်းတူညီပါသည်။

မြန်မာနိုင်ငံ သမိုင်းစဉ်ထဲမှ အမျိုးသမီးများ၏အကြောင်းကို ပြည့်စုံစွာ ဖော်ပြရေးသားမည်ဆိုပါက ဆောင်းပါးတစ်စောင်တည်းဖြင့် ပြည့်စုံမည် မဟုတ်ပါချေ။ တစ်ခါက ကျွန်မသည် အစ်မကြီးတစ်ဦးကို စောဒကတက်ဖူးပါသည်။ ယဉ်ကျေးမှုထိန်းရင်လည်း ကျွန်မတို့ မိန်းမသားတွေပဲ၊ ဝံသာနုရက္ခိတ တရားကို စောင့်ထိန်းရင်လည်း ကျွန်မတို့တစ်တွေပဲ၊ သူတို့ယောကျာ်းသားများမှာတော့ တာဝန်မရှိဘူးလားဟုမေးမိခြင်း ဖြစ်ပါသည်။

အစ်မကြီးက ပြုံး၍နေပါသည်။ ထို့နောက် **“မေးတဲ့မေးခွန်းက ကြိုဆိုရမယ့်မေးခွန်းဖြစ်တယ်။ ညီမလေးက–မမရယ် ကျွန်မတို့ အမျိုးသမီးများရဲ့ဂုဏ်ကို ဖွင့်ဆိုပေးပါလို့ ပြောလိုက်သလို ခံစားရပါတယ်။ ဖြေရမှာကတော့ ယောကျာ်းသားများမှာ သဘာဝကိုက အိုင်တွေ့ရင် ခြေဆေးလို့ရတယ်။ ကွယ်ရင်မေ့သွားနိုင်တယ်။ မိန်းမသားများကတော့ အဲသည်လို မဟုတ်ဘူးလေ။ သားသမီးကို ကိုယ်ဝန်ဆောင်ရတယ်။ မွေးဖွားရတယ်။ အဲဒါကြောင့် အမျိုးပြန့်ပွားခြင်းနဲ့ ပတ်သက်ရင် မိန်းမသားများက ရှောင်လွှဲလို့မရတဲ့ တာဝန်ခံများ ဖြစ်နေပါတယ်။**

တကယ်လို့ အမျိုးသမီးများက မိမိတို့စိတ်ကို အလိုမလိုက်ဘဲ ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် အမျိုးကိုစောင့်ရှောက်ပြီးသား ဖြစ်သွားပါပြီ။ အမျိုးကိုစောင့်ရှောက်ခြင်းဟာ နိုင်ငံကို စောင့်ရှောက်ခြင်းလည်း ဖြစ်ပါတယ်”ဟု ကျွန်မ၏ အစ်မကြီးက ချိုသာသောအသံဖြင့်ဆိုသည်။

စာရေးသူကျွန်မသည် ဤနိုင်ငံ၊ ဤမြေကြီးကို လက်ဆင့်ကမ်းပေးခဲ့သော၊ ဤသိက္ခာကို ပိုင်ဆိုင်ခွင့်ပေးခဲ့သော ဘိုးဘေးဘီဘင်များ၏ ကျေးဇူးကို ထောက်ထားတတ်သူဖြစ်လာအောင် ကောင်းစွာမွေးမြူခြင်းကို ခံခဲ့ရသူ ဖြစ်ပါသည်။ အမျိုးချစ်တတ်အောင်၊ မျိုးရိုးအစဉ်အလာကို စောင့်ထိန်းတတ်အောင် ကျွန်မငယ်စဉ်ကတည်းက သင်ကြားပေးလိုက်သော သူများထဲတွင် ဆရာတော် သမားတော်များလည်း ပါပါသည်။ မိဘဆရာသမားများလည်း ပါပါသည်။ ထိုကဲ့သို့သော သွန်သင်မှုကို ဦးထိပ်ရွက်ကာ ဝံသာနုရက္ခိတ တရားဟုခေါ်သော အမျိုးကို စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏ သိက္ခာ၊ အမျိုးသမီးတို့၏ အင်အားဖြစ်ကြောင်း၊ ထိုသို့သော သိက္ခာ၊ ထိုသို့သော အင်အားဖြင့်သာ အမျိုးသမီးတို့၏ တန်ဖိုးကို အကဲဖြတ်နိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့နှင့် ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းတို့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့၌ ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးက ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းအနီး၌ ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးက ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ၂၀၀၆ ခုနှစ် ဇူလိုင်(၃)ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားများကို စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် ဗားကရာလမ်းဆုံ၊ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် လှည်းတန်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံနှင့် နဝဒေးလမ်းဆုံ၊ အင်းစိန်မြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းဆုံ (ပြည်လမ်း)၊ တာမွေမြို့နယ် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှေ့တို့၌လည်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း စိုက်ထူဖွင့်လှစ်ခဲ့ကြသည်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

၂၀၀၆ ခုနှစ် ဇူလိုင် (၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(မြို့တော်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(လားရှိုး)တို့ ပူးပေါင်းကြီးမှူး၍ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၄ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လားရှိုးခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဝင့်ဝင့်နိုင်က အမှာစကား ပြောကြားပြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင် [အရိုးအထူးကု ဆရာဝန်ကြီး ပါမောက္ခဌာနမှူး အရိုးရောဂါပညာဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန်] က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော အရိုးပွ/အရိုးပါးရောဂါ အကြောင်းကို လည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာဝင်းမြိုင် (မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန ခွဲစိတ်ကု ဆရာဝန်ကြီး)က ဦးနှောက်ထိခိုက်မှု အန္တရာယ် တားဆီးကာကွယ်ရေး အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးပညာပေး ဟောပြောပွဲကို ဇွန် ၁၃ရက်က အမှုထမ်းရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီ အမှာစကား ပြောကြားစဉ်။ (၅၂၇)

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပညာသင်ထောက်ပံ့ကြေးနှင့် ဝတ်စုံစရိတ်ပေးအပ်

ရန်ကုန် ဇွန် ၁၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအတွက် မူလတန်းမှ တက္ကသိုလ်အဆင့်ထိ ကျောင်းသား၊ ကျောင်းသူ ၁၅၉ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဝတ်စုံစရိတ်အဖြစ် ငွေကျပ် ၃၆၉၀၀၀ နှင့် ကျောင်းအပ်နှံခအဖြစ် ငွေကျပ် ၆၃၆၃၇၀ စုစုပေါင်းငွေကျပ် ၁၀၀၅၃၇၀ ကို မေ ၃၁ ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့သည်။ ပညာသင်စရိတ်များ ချီးမြှင့်ထောက်ပံ့ရာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှလည်း ငွေကျပ် ၂၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။(ဗဟိုဝန်ထမ်းတက္ကသိုလ်)

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

ပြည်သူ့နယ်ပယ် ဖလှယ်စကားဝိုင်း တိုင်းပြည်အနှံ့ ခရီးဆန့်

ကျန်စစ်မင်းက လမ်းညွှန်ပြ

☆ ဘုရားတန်ဆောင်း ၊ ဇရပ်ကျောင်းနှင့်
ဆည်မြောင်းချောင်းကန် ၊ စပါးဆန်နှင့်
နိုင်ငံမိုးလုံး ၊ ရေမြေဆုံးတိုင်
လက်ရုံးလည်းထက် ၊ ဘုန်းလည်းထက်သည့်
ကနက်ဗိမာန် ပုဂံရွှေခေတ်
ရွှေပြည်သစ်၌
ကျန်စစ်မင်းကြီးအုပ်စိုးချိန်....။

☆ ပုဂံနန်း၏ ၊ တင့်ရှန်းသွယ်လျ
အလှဒေဝီ ၊ ရွှေအိမ်သည်နှင့်
ပြည်ပတိုင်းသား ၊ လူမျိုးခြားတို့
နှစ်ပါးချစ်ကြ ၊ မေတ္တာမျှ၍ နေစဉ်ဝယ်....။

☆ ပြည်ရွာကိုချစ် ၊ အမျိုးချစ်သည့်
ကျန်စစ်မင်းမြတ် ၊ ဆင်ခြင်လတ်၍
မျိုးဇာတ်ကွဲပြား ၊ လူမျိုးခြားနှင့်
ထိမ်းမြားလိုမှု ၊ အခွင့်ပြုလျှင်
နောင်ခါစဉ်ဆက် ၊ မျိုးနွယ်ပျက်ကာ
မျိုးဆက်မစစ် ၊ မျိုးမချစ်ဘဲ
ဆိုးနစ်ကံမှောက် ၊ အမျိုးပျောက်မှာစိုးမိ၍....။

☆ မျိုးနွယ်မပျက် ၊ အမွေဆက်ဖို့
ထိန်းလက်သိင်္ဂီ ၊ ရွှေအိမ်သည်အား
သွေးမခြားသည့် ၊ မင်းသားစောယွန်း
မေတ္တာသွန်းဖက် ၊ ဂဟေဆက်သို့
ရွှေလက်ဆက်ကာ ပေးခဲ့၏....။

☆ မြန်မာလူမျိုး ၊ ရှေးဘေးဘိုးတို့
မျိုးစောင့်တရား ၊ လက်ကိုင်ထားလျက်
တိုင်းခြားလူမျိုး ၊ မလွှမ်းမိုးအောင်
မျိုးချစ်စိတ်ထား ၊ အတွင်းအားနှင့်
တားဆီးခဲ့ကြ ၊ ကာကွယ်ကြ
ကျန်စစ်မင်းက လမ်းညွှန်ပြ
သမိုင်းသက်သေသာဓက
သားစဉ်မြေး မြစ် မှတ်ယူကြ ။ ။

[၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက်မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုလျက်]

အေးခင်ခင်လှိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အစိုးရနည်းပညာကောလိပ် (လားရှိုး)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

✻ ကျောဖုံးမှ

ပြည်နယ်၏ နွေစပါး၊ မိုးစပါးစိုက်ပျိုးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းက ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက တစ်ဧကတင်း ၂၀၀ ထွက်ရှိရေး ခရိုင်အလိုက်၊မြို့နယ်အလိုက်ယှဉ်ပြိုင်မှုနှင့် အထွက်နှုန်းတိုင်းတာဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးတစ်ဧက တင်း ၂၀၀ ယှဉ်ပြိုင်ကွက်များတွင် ဆုရရှိကြသည့် ခရိုင်များအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပထမဆုငွေနှင့် ဆုဖလားကို မူဆယ်ခရိုင်၊ ဒုတိယဆုငွေနှင့် ဆုဖလားကို လားရှိုးခရိုင်နှင့် တတိယဆုငွေနှင့် ဆုဖလားကို ကျောက်မဲခရိုင်တို့အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူ ဦးစောကျော်၏ စံပြကွက်အထွက်နှုန်း ရိတ်သိမ်းတိုင်းတာမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ရှင်းလင်းတင်ပြ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အကျိုးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးမေးမြန်းရာ ဒေသခံတောင်သူများက အသီးသီး ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တိုင်းရင်းသား တောင်သူလယ်သမားများအနေဖြင့် ယခု ရရှိသော အကျိုးစီးပွားဖြင့်သာ ကျေနပ်မနေဘဲ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော နှစ်ရှည်ပင်ရော်ဘာကိုပါ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရန် လိုအပ်သော စမ်းသပ်စိုက်ပျိုးမှုများပြုလုပ်ကြရေး၊ လိုအပ်သော စိုက်ပျိုးမှုဆိုင်ရာ အသိပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းရယူရေး၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းညှိနှိုင်းကူညီပံ့ပိုး ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး လားရှိုးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသော ဆင်းရွှေလီအထူးအထွက်တိုးစပါးနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် သီးနှံနမူနာများ၊ လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကောက်ကွေ့ချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှင်းလင်းဆောင်ရှေ့ရှုရပ်ဆောင်မှ ကောက်ကွေ့ချောင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ဆည်မြောင်းဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဆည်ရေသိုလှောင်ရရှိမှု၊ ဆည်ရေပေးဝေမှုနှင့် ဆည်တည်ဆောက်မှုအပိုင်း၌ ကျန်ရှိနေသော ရေပိုလွှဲကို ဆက်လက်တည်ဆောက်နေပြီး လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေမှုနှင့် ကျန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆည်များတည်ဆောက်ရာတွင် ဆည်ရေသောက်စနစ် လုပ်ငန်းများကိုပါပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေလှောင်ရုံသာမက ရေဖြန့်ဝေပေးမှုကိုပါ ပြီးစီးအောင်မြင်အောင် အလေးထားဆောင်ရွက်သွားရေး၊ ဆည်ရေသောက်ဒေသရှိ တောင်သူများ၏ ဆည်မတည်ဆောက်မီအခြေအနေနှင့် ဆည်တည်ဆောက်ပြီးကာလ၌ စိုက်ပျိုးရေးကဏ္ဍအပါအဝင် နယ်မြေဒေသတိုးတက်ဖွံ့ဖြိုးလာမှုတို့ကို စနစ်တကျ မှတ်တမ်းတင်ထားရှိရေးတို့ကို မှာကြားသည်။

ရေဖူလုံစွာပေးဝေနိုင်

ကောက်ကွေ့ချောင်းရေလှောင်တမံသည် မန်ဆူကျေးရွာ ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေ ၈၄၃ ဧကကို နွေစပါးအတွက် စိုက်ပျိုးရေအပြည့်အဝ ပေးဝေနေသည့်အပြင် သောက်သုံးရေကိုပါ ရရှိနေသော ရေလှောင်တမံဖြစ်သည်။ လားရှိုးမြို့နယ်အတွင်း၌ ဟူးမွန်ဆည်မှ စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို နွေစပါးအတွက် စိုက်ပျိုးရေပေးဝေခဲ့ပြီး ကျန်စိုက်ပျိုးမြေများအတွက်ကိုပါ ဆည်ရေပေးနိုင်ရန် ကောက်ကွေ့ချောင်း ရေလှောင်တမံကို ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ရာ ယခုအခါ ဆည်ရေသောက် ဧရိယာဧက ၇၀၀ ကျော်ကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုး–သိန်းနီလမ်း ဟိုပိတ်ကျေးရွာအနီးရှိ အစိုးရနည်းပညာကောလိပ်(လားရှိုး) အနီး၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စုပေါင်းစိုက်ပျိုးကြမည့် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့သည် တိုင်းရင်းသားပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(လားရှိုး) အနီး၌ ဆက်လက်ကျင်းပသည့် ပန်းအလှစိုက်ပျိုးပွဲ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က အရိပ်ရ ပန်းအလှပင်များကို ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် ပန်းအလှ စိုက်ပျိုးပွဲတို့တွင် ခြံစည်းရိုးကြက်ဆူပင် သုံးဧက၊ အပင်ပေါင်း ၃၆၀၀ နှင့် အရိပ်ရ ပန်းအလှပင်ပေါင်း ၅၀၀ တို့ကို အစိုးရနည်းပညာကောလိပ်(လားရှိုး) ပရဝဏ်အတွင်း စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာ ကောလိပ်(လားရှိုး)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ဒေါက်တာမျိုးမင်းညွန့်က အစိုးရနည်းပညာကောလိပ်(လားရှိုး)၏ တည်နေရာနှင့် အကျယ်အဝန်း၊ စတင်ဖွင့်လှစ်သည့်နေ့၊ သင်ကြားနေသော သင်တန်းများ၊ သင်တန်းကာလနှင့် ချီးမြှင့်မည့်ဘွဲ့များ၊အခြေခံကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ထားမှု အခြေအနေများကိုလည်းကောင်း၊ AMC ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာဦးစိန်လေးက ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မှာကြားပြီး အမှာစကားပြောကြားရာတွင် ယနေ့ကာလသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးကို ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သဖြင့် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့်နေရာမှ ပါဝင်နေကြောင်း၊ နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များအား ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုစွမ်းဆောင်ရည်များ ပြည့်စုံစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ ချမှတ်ပြီး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအလိုက်လိုအပ်သော အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်ရန် ပြည်နယ်နှင့်တိုင်း အသီးသီး၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများကို လက်လှမ်းတမီ အချက်အချာနေရာများ၌ တည်ထောင်ဖွင့်လှစ်ပေးထားရာ ဒေသခံတိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာရပ်များကို လွယ်လင့်တကူ ဆည်းပူးသင်ယူနိုင်ကြပြီဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

အစိုးရနည်းပညာကောလိပ်(လားရှိုး)မှ ဆရာ၊ ဆရာမများကလည်း နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် အင်ဂျင်နီယာ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးကို စေတနာထားပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်သွားနိုင်ရန် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ အမြဲတမ်းအသင့်ရှိနေရန်လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများသည် သင်တန်းသားများအား ထူးချွန်ထက်မြက်အောင် စေတနာထားပြီး သင်ကြားပို့ချပေးကြရမည့်အပြင် မိမိကိုယ်မိမိ စည်းရုံးရေးမှူးများ၊ ပညာ့ဗိမာန် ဉယျာဉ်မှူးများအဖြစ် ခံယူလုပ်ဆောင်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တည်ဆောက်လျက်ရှိသော အစိုးရနည်းပညာကောလိပ်(လားရှိုး) အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိ သူများအား မှာကြားသည်။

အဆိုပါ အစိုးရနည်းပညာကောလိပ် (လားရှိုး)သည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး မြေဧက ၅၅ ဒသမ ၃၆ ဧက၌ တည်ရှိပြီး ပရဝဏ်အတွင်း၌ အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိသည့် သုံးထပ်အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ (သတင်းစဉ်)

“ပလတ်စတစ်အိတ် အသုံးမပြုလိုလျှင် အမိန့်ရှိပါ” ဟူ၍ ရေးသားထားသော စာတန်းကို တိုကျိုရှိ ကုန်ပဒေသာဆိုင် တစ်ဆိုင်၌ ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

■ ပလတ်စတစ်အိတ်မှ

ကမ္ဘာပေါ်တွင် ထုပ်ပိုးပစ္စည်းအဖြစ် ပလတ်စတစ်အိတ်သုံးစွဲမှုမှာ တစ်နှစ်လျှင် အိတ်ရေ ၅၀၀ ဘီလီယံမှ တစ်ထရီလီယံအထိ ရှိကြောင်း၊ ဂျပန်နိုင်ငံတွင် ပလတ်စတစ်အိတ် အသုံးပြုမှုမှာ တစ်နှစ်လျှင် အိတ်ရေ ၃၀ ဘီလီယံ အထိရှိကြောင်း၊ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး လှုံ့ဆော်နေသည့် အုပ်စု၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အင်တာနက်။

❁ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်မြို့တော် ရေပေးဝေမှုနှင့် ပတ်သက်၍ ထပ်မံဖြည့်တင်းမည့် စီမံကိန်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ထပ်မံဖြည့်တင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများမှ အကြီးစားလုပ်ငန်းများဖြစ်သည့် ပိုင်ရိုက်ခြင်းလုပ်ငန်း၊ အသင့်ဖျော်ပြီး ကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် မြေသား အကြိုအနည်ထိုင်ကန် မြေသားကျင်းတူးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ထပ်မံဖြည့်တင်းမည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက ရေသန့်စင် စက်ရုံမှ ရေထပ်မံ ဖြန့်ဝေနိုင်မည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက သတ်မှတ်ချိန်မီ ပြီးစီးရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး အနည်ထိုင်ကန်နှင့် ဆေးစပ် စက်ရုံများသို့ သွားရောက်ပြီး အနည်ထိုင်ကန်အတွင်း အကြို အနည်ထိုင်ကန်မှ ရေသန့်ရသည်အထိ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရေသုံးစွဲသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသောရေ သုံးစွဲနိုင်ရေးအတွက်အထူးဂရုပြုဆောင်ရွက်ကြရေး မှာကြားပြီး ရေသန့်စင်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ထပ်မံဖြည့်တင်းသည့် စီမံကိန်းလုပ်ငန်းများမှ အကြီးစား ဆောင်ရွက်မှု လုပ်ငန်းဖြစ်သည့် အနည်ထိုင်ကန်အတွက် ၁၄လက်မ ပတ်လည် RC ပိုင်တိုင် အလုံး ၄၄၀ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ရက် အထိ အလုံး ၃၃၀ ဆောင်ရွက်ပြီးစီးပြီး အသင့်ဖျော်ပြီး ကွန်ကရစ် ကုဗမီတာ ၇၈၀ လောင်းပြီးကာ အကြိုအနည်ထိုင်ကန် မြေသား ၄၅၂၂ ကျင်း စက်အားဖြင့် တူးဖော်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



တောင်တန်းသာသနာပြုအဖွဲ့ နှစ်(၄၀)ပြည့်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုအဖွဲ့၏ နှစ်(၄၀)ပြည့်အခမ်းအနားနှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်ကြီးများအားအမှူးပြုသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ထေရဝါဒဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ၁၃၆၈ခု၊ ဝါဆိုလဆန်း ၁ရက် ဇွန်၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၄/ခ)ရှိ အဏ္ဏဝါမွေရုံ၌ ကျင်းပမည်ဖြစ်သဖြင့် အဖွဲ့ဝင်များအားလုံးနှင့် အလှူရှင်များအားလုံး ကြွရောက်ကြ ပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

ဒေးဒရဲမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၁၅

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဒေးဒရဲမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဒေးဒရဲမြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများနှင့် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အသင်းဝင်မိသားစုများနှင့် မြို့နယ်သူမြို့နယ်သားများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ (က–ပ)

ပြွန်တန်ဆာအသင်း(ရန်ကုန်)က ကျောင်းသုံးဗလာစာအုပ်များ ခဲတံများနှင့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

ပြွန်တန်ဆာအသင်း(ရန်ကုန်)က ပြွန်တန်ဆာမြို့နှင့် ဒေသပတ်ဝန်းကျင်ရှိ အခြေခံပညာကျောင်း ၄၂ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် စာသင်တိုက်များသို့ ပဉ္စမအကြိမ်မြောက် ငွေကျပ် ၂၈၇၀၀၀ ကျော်တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၃၀၀၊ ခဲတံဒါဇင် ၉၆၀နှင့် စာကြည့် တိုက်များအတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင် ၅၀၀ကျော် လှူဒါန်းပွဲကို ဇွန် ၁၃ရက်တွင် ပြွန်တန်ဆာမြို့ အခြေခံပညာအလယ်တန်းကျောင်းရှိ ဘိုးရာဇာ ခန်းမ ၌ ကျင်းပရာ ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ နာယကတစ်ဦးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဦးသောင်းလွင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှုဆောင်များ ဖြစ်ကြသော ဒေါ်လှမူမူနှင့် ဒေါ်ခင်သက်နိုင်တို့က ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ပြွန်တန်ဆာမြို့ရှိ အခြေခံပညာကျောင်းအုပ်ကြီးများ ကိုယ်စား ညောင်လေးပင်မြို့နယ် လက်ထောက်ပညာရေးမှူးဦးအေးသောင်းက လက်ခံသည်။

ယင်းနောက်ညောင်လေးပင်မြို့နယ် လက်ထောက်ပညာရေးမှူးနှင့် မြို့မိမြို့ဖ ဦးတင်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ (သတင်းစဉ်)

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ ကိုယ်စား အသင်းအမှုဆောင်များဖြစ်ကြသော ဒေါ်လှမူမူနှင့် ဒေါ်ခင်သက်နိုင်တို့က ကျောင်းသုံးဗလာစာအုပ်၊ခဲ တံနှင့် ဂျာနယ်၊မဂ္ဂဇင်း၊ စာစောင်များကို ညောင်လေးပင်မြို့နယ်လက်ထောက် ပညာရေးမှူး ဦးအေးသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလိုတော်ပြည့် ဆယ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်း ပြည်ပ သာသနာပြု ဒေါက်တာဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးက ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားတို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဇွန် ၂၁ရက် ညနေ ၅နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြပါရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် ဖုန်း–၀၁–၅၄၅၃၃၇၊ ၅၄၈၈၆၁၊ ၀၉–၅၀–၁၄၅၀၀တို့သို့ ဆက်သွယ်နိုင်ကြောင်းနှိုးဆော်ထားသည်။ (က–ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ထွက်ရှိ

ရန်ကုန် ဇွန် ၁၅

မေထုန်ရာသီ နယုန်လ၏ မိုးစက်မိုးပွင့်များနှင့်အတူ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နေကြပြီဖြစ်သော တောင်သူဦးကြီးများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေဗဟုသုတရရှိရန် ရည်ရွယ်သည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ကို ဇွန် ၁၅ရက်တွင် ထွက်ရှိလာပြီဖြစ်သည်။

ထိုဂျာနယ်တွင် ဆင်းပဒေသာစပ်မျိုးမြေပဲ၊ ဈေးကွက်ဝင် ပဲတီစိမ်းကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်၊ အောင်မြင်တိုးတက်နေသော အစ္စရေးနိုင်ငံ သဲကန္တာရ စိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ စားမြို့ပြန် သတ္တဝါများ မွေးမြူရေးနှင့် ကမ္ဘာ့အပူ ရှိန်ပြောင်းလဲလာမှု၊ ဝင်ငွေတိုးဖို့ ဝက်မွေးစို့စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ရေကောင်း ရေသန့် ရရှိရေးအတွက် ကြွေထည်ရေစစ်အိုးများ အသုံးပြုပါ စသည့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို သုတ၊ ရသ စုံလင်စွာ ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့်ကြော်ငြာများကို အမှတ်(၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

● SNLDမှ

တန့်ယန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ပါတီဝင်များသည် နယ်မြေလူထုကို ဦးဆောင်လမ်းပြနိုင်မှုမရှိခြင်း၊ လူထုကလည်း ပါတီအပေါ်ယုံကြည်မှုမရှိခြင်းတို့ကြောင့် ပါတီလှုပ်ရှားမှုများမပြုလုပ်တော့ဘဲ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့ပါတီ၏ နာယကကြီးများဖြစ်သော ဦးခွန်ကြီး၊ ဦးပူလွယ်ဆန်အုံး၊ ဦးစိုင်းထွန်းစိန်၊ ဘဏ္ဍာရေးမှူး ဦးစိုင်းဆန်မောင်နှင့်အဖွဲ့ဝင် ဦးကန်တီးတို့ ငါးဦးမှာ သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း။

၎င်းတို့ လက်ကျန်ပါတီဝင်များသည်လည်း SNLD ပါတီနှင့် အဆက်အသွယ်မလုပ်တော့ကြောင်း၊ ထို့အပြင်နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု များကောင်းမွန်ရေး၊ လူနေမှုဘဝတိုးတက်မြင့်မားရေးတို့ကို လုပ်ဆောင်ပေးနေမှုများ၊ မြို့ပြနှင့် ကျေးရွာကွာဟမှုမရှိစေရန် ဆောင်ရွက်ပေးနေမှုများကြောင့် ပြည်သူများ အကျိုးကျေးဇူး ခံစားနေရသည်ကို တွေ့မြင်ရ၍ အမြင်မှန်ရပြီး မေ ၁၃ ရက်တွင် ပါတီရုံးကိုဖျက်သိမ်းခဲ့ပြီး ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ငါးဦးမှာသေဆုံးခဲ့ပြီး တစ်ဦးမှာ အခြားဒေသသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း၊ ကျန်ပါတီဝင် ၁၀ ဦးအနက် ဦးဆန်းအေး အပါအဝင် ရှစ်ဦးမှာ နုတ်ထွက်စာပေးပို့ခဲ့ပြီး ကျန်နှစ်ဦးမှာ ခရီးလွန်နေ၍ ပြန်လည်ရောက်ရှိပါက ထပ်မံနုတ်ထွက်မည်ဖြစ်ကြောင်း၊ လက်ကျန်ပါတီဝင်တစ်ဦးမျှ ကျန်ရှိခြင်းမရှိတော့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၁၄ ရက်က အထက(၁) မင်္ဂလာတောင်ညွန့်တွင် ပြုလုပ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ထက်၊ လယ်၊ မူ ကျောင်း ၃၂ ကျောင်းအတွက် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအသိပေး ပိုစတာကြီးများကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းတို့အား ပေးအပ်စဉ်။ (၃၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၆–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ

၈:၂၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ ရေလှောင်တမံ)

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for Everyday Use.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ– ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၃၀ ၇။ **"ဟွန်းသံ" (ရောနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များ) (ဒါရိုက်တာ–သက်တင်)**

၅:၃၅ ၈။ နှင်းခေတ်တေးပဒေသာ

၅:၄၅ ၉။ ဖွံ့ဖြိုးသာယာတိုင်းရော

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ" (အပိုင်း–၁၈)**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ" (အပိုင်း–၁၅)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းကုန်းအုပ်စု အိမ်အိုကျေးရွာ အိမ်အိုအရှေ့ကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်၊ကျောင်းတက်မင်္ဂလာပွဲနှင့် ရန်ကုန်ရောက် ပုဂ္ဂိုလ်များ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင် ၉ ရက်)တွင် ကျင်းပမည်ဖြစ်သည်။ရန်ကုန်ရောက် ပုဂ္ဂိုလ်များ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းလိုပါက နာယကကြီး ဦးသန်းမောင်(မင်္ဂလာဒုံ) ဖုန်း–၆၃၆၄၀၉၊ ဦးသာအောင် ဖုန်း–၇၀၇၁၁၀၊ ဆန်၊ ဆီကုန်စုံဆိုင် ရန်ပြေလမ်းမကြီး သာကေတ၊ ဦးသောင်းရွှေ ဖုန်း–၀၉ ၉၈၇၃၆၈၀၊ရန်ပြေ–၃ လမ်းထိပ် ဆန်ဆီကုန်စုံဆိုင် ၂/တောင်ရပ်ကွက် သာကေတတို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

မအူပင်ခရိုင် စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လှည့်လည်စစ်ဆေး

နေပြည်တော် ဇွန် ၁၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအနီး ဧရာဝတီမြစ်တာပေါင်တွင် မအူပင်ခရိုင် ရဲတပ်ဖွဲ့က စိုက်ပျိုးထားရှိသော ခြစည်းရိုးကြက်ဆူ ငါးဧကစိုက်ခင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကြည်က ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ခြစည်းရိုးကြက်ဆူစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး သတ်မှတ်နေရာတွင်ခြစည်းရိုးကြက်ဆူပျိုးပင်ကိုစိုက်ပျိုးပေးပြီး စိုက်ခင်းတာပေါင်တစ်လျှောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ခြစည်းရိုး ကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

မအူပင်ခရိုင် ရဲတပ်ဖွဲ့အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ခြစည်းရိုးကြက်ဆူ ၂၅ ဒသမ ၄ ဧက စိုက်ပျိုးရန် လျာထားရာ ၅၂ ဒသမ ၁၅ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျေးရွာစိုက်ပျိုးနည်းပညာပေး ရှင်းလင်းဆောင် ၌ သာယာဝဲကျေးရွာအုပ်စုမှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဆူးကဏန်း ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ခြစည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ခင်းကို ဝင်ရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မအူပင်-ကျိုက်လတ်ကား လမ်းပေါ်ရှိ မိုင်တိုင် (၁၇)မှ (၁၇/၂)အတွင်း ၂၂ ပေအကျယ် လမ်းသား အခြေခံဒုတိယ ထပ်လွှာ ကျောက်ပြည့်ခင်းကြိတ်ခြင်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံဝင်း စိုက်ခင်းအတွင်းရှိ ခြစည်းရိုးကြက်ဆူ စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း၊ ကျိုက်လတ်-ဖျာပုံ ကားလမ်း လမ်းတံတား အခြေအနေများနှင့် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ၏ ခြစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာတွင် ကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးသည် ကျေးရွာ၏ တစ်မိုးနှစ်သီးစပါး ဧက ၁၀၀ စိုက်ခင်းတွင် စပါးစိုက်ပျိုးရန် ဒေသခံတောင်သူများ မြေပြုပြင်ထွန်ယက်နေမှု အခြေအနေကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဖျာပုံခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ရှေးဦးစွာ ဖျာပုံမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေး အတွက် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြို့နယ်များအလိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတဂေဟာများနှင့် မြို့နယ်ပညာရေး လုပ်ငန်းစဉ်များအတွက် လှူဒါန်းသော ကျောင်းသုံးဗလာ စာအုပ်ဒါဇင် ၃၅၀ ကို ဖျာပုံ၊ဒေးဒရဲနှင့် ကျိုက်လတ်မြို့နယ် ပညာရေးမှူးများထံပေးအပ်ပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းမှူးသည် ဖျာပုံမြို့မှ မြစ်တစ်ဖက်ကမ်း အုန်းပင်ကျေးရွာဘက်ကမ်းသို့ ဖြတ်သန်းတည်ဆောက်လျက်ရှိသော တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၇)၏ ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ခြစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရွှေစည်းခုံစေတီတော်မြတ်အတွက် ငွေလှူ

ရန်ကုန် ဇွန် ၁၅

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန်အတွက် ကမာရွတ်မြို့နယ်နေ ကျေးဇူးရှင်ဖခင်၊ မိခင်များဖြစ်ကြသော ဦးမြတ်စိုး-ဒေါ်မြင့်မြင့်ဆွေတို့ကို ရည်စူးပြီး ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးနှင့် သားသမီးမြေးတစ်စုက ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၆၅၀၀၀၀ **(အပေါ်ပုံ)**၊ သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ ခိုင်မာလာလမ်း အမှတ် (၂)နေ ဦးလှအောင် (M.D Hlamaring Services) ကုမ္ပဏီ-ဒေါက်တာစန္ဒာကောင်းမြင့်၊ သမီး မဇ္ဈူလှအောင်စံ၊ သား မောင်သန့်ဇင်အောင် မိသားစုက ရွှေဆိုင်းငါးဆိုင်း ငွေကျပ် ၈၀၀၀၀၊ ကွယ်လွန်သူဖခင် ဦးကောက်၊ မိခင် ဒေါ်အုန်းကြည်၊ အစ်ကို၊ အစ်မ၊ မောင်ညီမများကို ရည်စူး၍ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ ဦးဇော်ဝင်း-ဒေါ်ခင်သူ(ခ) ဒေါ်ကျင်အုန်း မိသားစုက ရွှေပြားချပ် ၂၀ ငွေကျပ် ၁၀၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ ခိုင်မာလာလမ်းနေ ဒေါ်တင်ဖုန်းက အသက်(၇၀) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ရွှေဆိုင်းတစ်ဆိုင်း ငွေကျပ် ၁၆၀၀၀၊ သုဝဏ္ဏ ရွှေအင်ကြင်းရိပ်သာနေ ဦးတင်အုန်း-ဒေါ်ကျင်မြိုင်မိသားစု၊ ဒဂုံမြို့နယ် ပဲခူးကောလိပ်နေ ဦးမင်းညွန့်-ဒေါ်လှမြင့်ကြည် မိသားစုတို့က ရွှေပြားတစ်ချပ် ငွေကျပ် ၇၀၀၀ စီကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ သို့ ဇွန် ၁၀ ရက်က လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်နှင့် ဆီမီး ၉၉၀၀ အဖွဲ့ အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရွှေစည်းခုံဘုရားပုံတော်များ ပြန်လည်ပေးအပ်သည်။ (၆၁)

မိုးကုတ်ဝိပဿနာ သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၁၅

ပခုက္ကူအသင်း(ရန်ကုန်) မိုးကုတ်ဝိပဿနာသင်တန်းကို ဆရာကြီး ဦးစိန်ဝ (ဓမ္မကထိက)က ဇွန်၂၄ရက်မှ ၂၈ရက်အထိ မွန်းတည့်၁၂နာရီမှ ညနေ ၄နာရီအတွင်း ပခုက္ကူဓမ္မာရုံ၌ ပို့ချမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် သင်ကြားနိုင်ကြောင်း ဖိတ်ကြားထားသည်။ (၂၃)

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်သင်တန်းများဖွင့်မည်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူး၍ WIPO မှ အဝေးသင် Internet မှ တစ်ဆင့်ပို့ချမည့် General Course on Intellectual Property DL-(101) သင်တန်းအပတ်စဉ် (၆)ကို ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့များတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ပို့ချမည်ဖြစ်ရာ ဘွဲ့ရပြီးသူများ တက်ရောက်နိုင်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၂၄၆၉၇၅၊ ၂၄၃၁၅၁၊ ၃၈၁၂၈၅ အမှတ် (၆၁) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ရယူပြီး ဇူလိုင် ၁၄ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

လူထုဒေါ်အမာ၏သားဖြစ်သူ ဗကပဖိုးသံချောင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွား ပျက်ပြားအောင် ပြည်ပအသံလွှင့်ဌာနများမှတစ်ဆင့် မဟုတ်မမှန်လုပ်ကြံလုံ့ဆော်နေ

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ မမှိတ်မသုန်ရှေးရှု ချီတက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ကမ္ဘာသို့တရားဝင်အသိပေးကြေညာပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိရာ ခရီးအတော်ပင်ရောက်နေပြီဖြစ်သည်။

ထိုသို့ဖော်ဆောင်နေမှုအပေါ် ပြည်တွင်းရှိ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများ၊ အဆိုးမြင်ဝါဒီများ၊ ပြည်ပြေးများ၊ သောင်းကျန်းသူများနှင့် ပြည်ပမှ ခေတ်သစ်ကိုလိုနီနယ်ချဲ့များက မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေးတိုက်ကွက် စသည့် သုံးဖက်သုံးတန်မှ ဝိုင်းဝန်းဟန့်တားနှောင့်ယှက်လျက်ရှိသည်။

ထိုကဲ့သို့ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအနက် မန္တလေးမြို့မှ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ သားဖြစ်သူ ဗကပဖိုးသံချောင်းက မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲရန်ဟုဆိုကာ နိုင်ငံတော်အစိုးရအား ပြည်ပတပ်များကို ခေါ်ယူပြီး ရင်ဆိုင်တိုက်ပွဲဝင်ဖြုတ်ချခြင်း၊ အတိုက်အခံ အင်အားစုများက လက်နက်စွဲကိုင်တော်လှန်ခြင်း၊ တပ်မတော်သားအချို့ကို ၎င်းတို့ဘက်ပါလာအောင် သွေးဆောင်စည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် နှောင့်ယှက်ဟန့်တားကြရန် အင်တာနက်ဝက်ဘ်ဆိုက်တွင်တင်ပြီး ပြည်ပအသံလွှင့်ဌာနအချို့ကလည်း အသံလွှင့်လှုံ့ဆော်သွားခဲ့သည်။

ဗကပ၏ လိမ့်လုံး၊ ဖိန့်လုံးများကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတိတ်သမိုင်း၏ အတွေ့အကြုံများအရ သဘောပေါက်နားလည်နေကြပြီဖြစ်ရာ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်နေမှုများမှာ အရာထင်လာမည် မဟုတ်ကြောင်း ပြည်သူများက သိရှိလက်ခံထားကြပြီးဖြစ်သည်။

ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်နေသူ ဗကပဖိုးသံချောင်းမှာ နိုင်ငံတော် ပြိုကွဲပျက်စီးရေး အဖျက်အမှောင့်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်နေသည့် ပြည်ပြေးတစ်ဦးဖြစ်သည်။ လူထုဒေါ်အမာ၏ သားအကြီး ဖြစ်သူမှာလည်း ဗကပတစ်ဦးဖြစ်ကာ တောတွင်းမှာပင် ဗကပတို့၏ ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်ဖြင့် သေဆုံးခဲ့ရကြောင်းသိရှိရသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Ecuador Vs Costa Rica (Delay)
၆:၀၀	၅။	မြဝတီရုပ်မြင်သံကြား
၆:၁၀	၆။	နိုင်ငံတကာသတင်း
၆:၂၀	၇။	မိုးလေဝသသတင်း
၆:၂၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၉။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀	၁၀။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၁။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ"(အပိုင်း-၂၆)**
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၅။	FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Netherlands Vs Ivory Coast (Live)
	၁၆။	သင့်အတွက်မနက်ဖြန်
	၁၇။	အပိတ်နှုတ်ဆက်စကား
	၁၈။	ပြီးပါပြီ။

(၁၇-၆-၀၆)ရက်နေ့ နံနက်ပိုင်း ၀၁:၃၀

FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Mexico Vs Angola(Live)

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်းများနှင့် သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းက ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ဝန်ထမ်းများနှင့် သား၊သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးကို ဌာနအလိုက် ကိုယ်စားလှယ်များအား ပေးအပ်သည်။

မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)ရှိ အရာထမ်း၊ ဝန်ထမ်း၊ သား၊သမီး စုစုပေါင်း ၁၈၇ဦးတို့အတွက် မူလတန်းအဆင့် ငွေကျပ် ၃၀၀၀၊ အလယ်တန်းအဆင့် ငွေကျပ် ၄၀၀၀၊ အထက်တန်းအဆင့် ငွေကျပ် ၅၀၀၀ နှင့် တက္ကသိုလ်အဆင့် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

(သတင်းစဉ်)

၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ဝန်ထမ်းများနှင့် သား၊ သမီးများအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။

(မြန်မာ့အာမခံ)

ကြေးမုံ The Mirror အင်တာနက်သတင်း

ဗီယက်နမ်နိုင်ငံ လေယာဉ်ခရီးစဉ်များတွင် အင်တာနက် ဝန်ဆောင်မှုစနစ် စမ်းသပ်မည်

ဟနွိုင်း ဇွန် ၁၅

ဗီယက်နမ်နိုင်ငံသည် ၎င်း၏နိုင်ငံသို့ ပျံသန်းသည့်လေကြောင်းခရီးစဉ်အချို့၏ ဘိုးအင်းလေယာဉ်များပေါ်တွင် အင်တာနက်ဝန်ဆောင်မှုစနစ် တပ်ဆင်ရန် စမ်းသပ်ခြင်းကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၅ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကိုရီးယားအေးရှားနား လေကြောင်းဌာန၊ ကိုရီးယားလေကြောင်းဌာန၊ တရုတ်လေကြောင်းဌာန၊ လုဖ်သန်ဆာလေကြောင်းဌာန၊ စင်ကာပူလေကြောင်းဌာနနှင့် အာရပ်စော်ဘွားများပြည်ထောင်စု လေကြောင်းဌာနတို့မှ ဘိုးအင်းခရီးသည်တင်လေယာဉ်များအားလုံးပေါ်တွင် အင်တာနက်ဝန်ဆောင်မှုစနစ်ကို စမ်းသပ်တပ်ဆင်ထားပြီးဖြစ်သည်။ ဗီယက်နမ်နိုင်ငံသို့ ပျံသန်းသော ဘိုးအင်းလေယာဉ်များပေါ်တွင် အင်တာနက်ဝန်ဆောင်မှုစနစ်ပါရှိခြင်းဖြင့် ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ချမ်းသာလမ်းနေ ဦးကျော်ဝင်း-ဒေါ်ကြည်ကြည်မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် သီရိလင်္ကာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား ဇွန် ၁၂ရက်တွင် သီရိလင်္ကာနိုင်ငံ The Ceylon Chamber of Commerce မှ Mr. Kingsley Bernard, (Group Director ,Daya Group of Companies) ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၁ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့် အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာကိစ္စများ၊ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးရေးနှင့် စက်မှုဇုန်ရှိ စက်ရုံများလေ့လာကြည့်ရှုနိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် (ဂ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြုလုပ်သော ခရမ်းချဉ်ရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ရက်က ရပ်ကွက်စိုက်ခင်းများ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။

(၅၀၆)

အင်တာနက် အသုံးပြု

ဘိုးအင်းခရီးသည်တင်လေယာဉ်တစ်စင်းပေါ်တွင် စမ်းသပ်တပ်ဆင်ထားသော အင်တာနက်ကို ခရီးသည်နှစ်ဦး အသုံးပြုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်

၂၀၀၆ခုနှစ် ဇွန် ၁၅ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်

ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ပြင်ဦးလွင်မြို့တွင် ၂ဒသမ ၀၅လက်မ၊ သထုံမြို့တွင် ၁ဒသမ ၉၇လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ ၈၁လက်မ၊ မောင်တောမြို့တွင် ၁ဒသမ ၇၃လက်မ၊ သံတွဲမြို့နှင့် အမ်းမြို့တို့တွင် ၁ဒသမ ၅၄လက်မစီနှင့် မန္တလေးမြို့တွင် ၁ဒသမ ၀၂လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအနည်းငယ်သာရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၆ ရက် ညနေအထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းသွားမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) **၁၄-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) **၁၅-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း **၁၅-၆-၂၀၀၆**

နေပူသည့်နာရီပေါင်း ၁ ဒသမ ၆ နာရီခန့် **၁၄-၆-၂၀၀၆**

မိုးရေချိန်

	ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၅-၆-၂၀၀၆	၀ဒသမ၁၂လက်မ	မရှိ		၀ဒသမ၄၃လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၂၁ဒသမ၃၈ လက်မ	၂၈ဒသမ၇၄ လက်မ		၃၁ဒသမ၈၅ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၄-၆-၂၀၀၆ရက် ၁၇း၅၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ

အိမ်ရှင် ဂျာမနီအသင်းက ပိုလန်ကိုအနိုင်ရ

ဒေါ့မွန်း(ဂျာမနီ) ဇွန် ၁၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)မှ ဂျာမနီအသင်းနှင့် ပိုလန်အသင်းတို့ ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ အိမ်ရှင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဂျာမနီအသင်းမှ လူစားဝင်ရောက်လာသည့် တိုက်စစ်မှူး အိုလီဗာနျူဗီးလ်၏ ပွဲကစားချိန် နှောင်းပိုင်းတွင် သွင်းယူနိုင်သည့် တစ်လုံးတည်းသော ဂိုးဖြင့် အိမ်ရှင်အသင်းအနိုင်ရရှိခြင်းဖြစ်သည်။ နျူဗီးလ်သည် ထိခိုက်ဒဏ်ရာရ အစားဖြည့်အချိန်ပို၏ ပထမပိုင်းမိနစ်တွင် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပိုလန်အသင်းသည် နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်တွင် အမှတ်မရဘဲရှိနေသည်။ တိုက်စစ်မှူး နျူဗီးလ်သည် ၎င်းနည်းတူ လူစားဝင်ရောက်လာသူ ဒေးဗစ်အိုဒွန်ကာထံမှ ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို မနားတမ်း ပြေးဝင်ပိတ်သွင်းခဲ့ရာတွင် ပိုလန်ဂိုးသမား အတ်တားဘိုးရပ်ကာကွယ်နိုင်ခြင်းမရှိပေ။

အင်တာနက်။

ဘောလုံးဘုရင်ပီလီ (ယာ)က ပြင်သစ် ဝါရင့်ဘောလုံးသမားကြီး ဂျပ်စ်ဖောင်တိန်အား ဘောလုံးပုံသဏ္ဍာန် ပြုလုပ်ထားသော ကိတ်မုန့်ကို ကျွေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရေပန်းစားလင့်ကစား ဘရာဇီးဗိုလ်စွဲရန် မရေရာဟုပီလီပြော

ရီယိုဒီဂျနေးရိုး ဇွန် ၁၅

ဘရာဇီးလက်ရွေးစင်အသင်းသည် ရေပန်းစားလျက်ရှိသော အသင်းတစ်သင်းဖြစ်သည့်တိုင်အောင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲမည်ဟု သေချာပေါက်မပြောနိုင်ကြောင်း ဘရာဇီးလူမျိုးဘောလုံးဘုရင်အဖြစ် အများကသိရှိကြသည့် ပီလီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

မိမိ၏ဘဝတာတွင် မထင်မှတ်ဘဲဖြစ်ပေါ်လာသည့် အံ့သြစရာဖြစ်ရပ်အများအပြားနှင့် တွေ့ကြုံခဲ့ရကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းဗိုလ်စွဲမည်ဟု မိမိမပြောနိုင်ကြောင်း ပီလီကပြောကြားသည်။ ပီလီသည် ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ လက်ရွေးစင်ဘောလုံးသမားအဖြစ် စတင်ကစားခဲ့ပြီး ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းပါဝင်သည့် ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ဘရာဇီးအသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိတို့အသင်း အနိုင်ရရှိမည်ဟု ထိုစဉ်က မိမိထင်မြင်မိကြောင်း၊ ယင်းနောက်တွင် မိမိကိုယ်တိုင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဘရာဇီးအသင်းရှုံးနိမ့်ခဲ့ကြောင်း၊ သို့အတွက် ကြီးကျယ်သည့် ဘောလုံးအသင်းအဖြစ် ဘရာဇီးနိုင်ငံ ရပ်တည်နိုင်ခဲ့ခြင်းအတွက် မိမိဝမ်းမြောက်မိကြောင်း ပီလီက ပြောကြားသည်။ ပီလီသည် ဘောလုံးသမားတစ်ဦးအဖြစ် ၂၀ နှစ်ကြာရပ်တည်ခဲ့ရာတွင် ၁၂၈၁ ဂိုးသွင်းယူခဲ့ပြီး ဘောလုံးသမားဘဝမှ အနားယူပြီးနောက် အားကစားဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ အားကစားဝန်ကြီးအဖြစ် မိမိတာဝန်ယူစဉ်အတွင်း ဘရာဇီး ဘောလုံးလောကတွင် အဂတိလိုက်စားမှုပပျောက်စေရန် ကြိုးပမ်းခဲ့ကြောင်း ပီလီက ဂျာမန်သတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီကွေဒေါအသင်းမှ အက်ဒီဆန်မန်းဒက် လဲကျသွားသည်ကို ကော်စတာရီကာ အသင်းမှ ဟာရိုးလ်ဝေါလေ့စ်နှင့် ဝေါလ်တာဆင်တင်ဒိုတို့က စောင့်ကြည့်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီကွေဒေါက ကော်စတာရီကာအသင်းကို အနိုင်ရ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်လှမ်းနိုင်မည်

ဟမ်းဘတ် (ဂျာမနီ) ဇွန် ၁၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု(က)မှ အီကွေဒေါအသင်းနှင့် ကော်စတာရီအသင်းတို့ ဂျာမနီနိုင်ငံဟမ်းဘတ်မြို့တွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ အီကွေဒေါက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အီကွေဒေါအသင်းမှ ဂိုးသမား ခရစ္စတီယန်မိုရာသည် အုပ်စုပွဲစဉ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် လုံးဝဂိုးသွင်းမခံရရေးအတွက် ကာကွယ်နိုင်ခဲ့သဖြင့် ယင်းအသင်းအနိုင်ရရှိရန် အထောက်အကူပြုနိုင်ခဲ့သည်။

သေချာ

ယခုပွဲတွင် အီကွေဒေါအသင်း အနိုင်ရရှိခြင်းဖြင့် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်လှမ်းရန် သေချာပြီဖြစ်သည်။ အီကွေဒေါအသင်းနည်းတူ အုပ်စု (ဃ) မှ မက္ကဆီကို အသင်းသည်လည်း ပထမပွဲတွင် အနိုင်ရရှိခဲ့သည်။

နောက်ဆုံးပွဲ

အုပ်စု(က)မှ ပိုလန်နှင့် ကော်စတာရီကာအသင်းတို့မှာမူ အရေးမလှဖြစ်ခဲ့ရပြီး အုပ်စုအဆင့် နောက်ဆုံးလက်ကျန်ပွဲကို ဟန်နိုဘာမြို့တွင် လာမည့် အင်္ဂါနေ့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂိုးသွင်းနိုင်

အီကွေဒေါအသင်းအတွက် ပထမမြောက်ဂိုးနှစ်ဂိုးကို ကာလို့စ်တင်နိုရီယိုနှင့် ဩဂတ်စတင်းဒယ်လ်ဂါဒိုတို့က ပွဲချိန် ၈မိနစ်နှင့် ၅၄ မိနစ်တို့တွင် အသီးသီး သွင်းယူခဲ့ကြသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (က) အဖွင့်ပွဲတွင် ပိုလန်နှင့် ယှဉ်ပြိုင်ကစားခဲ့စဉ်ကလည်း ဂိုးသွင်းနိုင်သူများဖြစ်ကြသည်။

အီကွေဒေါအသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန်မိနစ် ၉၀တွင် အီဗန်ခါဗီဒက်ဇ်က သွင်းယူခဲ့သည်။

အင်တာနက်။

ပြင်သစ်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ဇွန် ၁၃ရက်က စတုဂတ်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပြင်သစ် အသင်းမှ မက်ခ်လီလီ(ယာစွန်)**အားတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ကစားပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆု ပြင်သစ်အလယ်တန်းလူ မက်ခ်လီလီ ရွေးချယ်ခံရ

စတုဂတ် ဇွန် ၁၅

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် အင်္ဂါနေ့ကကျင်းပသော ပြင်သစ်နှင့် ဆွစ်ဇာလန်ပွဲ၌ ကစားပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုအတွက် ပြင်သစ်လက်ရွေးစင်ဘောလုံးအသင်းမှ အလယ်တန်းကစားသမား မက်ခ်လီလီ ရွေးချယ်ခံရကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) နည်းစနစ်လေ့လာရေး အုပ်စုမှ အဖွဲ့ဝင် အယ်လ်ဗင်ကော်နီယယ်လ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အုပ်စု(ဆ)မှ ပြင်သစ်အသင်းသည် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ပြင်သစ်အသင်းမှ မက်ခ်လီလီသည် ဆွစ်ဇာလန်အသင်း၏ ဂိုးသွင်းရန် ထိုးဖောက်မှုများကို ကြိမ်ဖန်များစွာ ဟန့်တားပေးနိုင်ခဲ့ကြောင်း ကော်နီယယ်လ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူနီးရှားနှင့် ဆော်ဒီအာရေဗျ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေကျ

မြူးနစ် ဇွန် ၁၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)မှ တူနီးရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့၏ အုပ်စုအဖွင့်ပွဲအဖြစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေကျခဲ့သည်။

ဒဏ်ရာရလေလွင့်ချိန်အတွက် အစားဖြည့်အချိန်ပိုတွင် တူနီးရှားအသင်းမှ ရာဒီဂျီဒီက ခေါင်းတိုက်ဂိုးသွင်းနိုင်ခြင်းဖြင့် ၎င်း၏အသင်း အမှတ်တစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ တူနီးရှားအသင်းအတွက် ဂိုးနှစ်ဂိုးကို ပွဲချိန် ၂၃မိနစ်နှင့် မိနစ် ၉၀တို့တွင် ဂျာဇီရီနှင့် ဂျီဒီတို့က သွင်းယူခဲ့ကြသည်။ ဆော်ဒီအာရေဗျအသင်းအတွက် ဂိုးများကို ပွဲချိန် ၅၇မိနစ်တွင် အယ်လ်ခါတာနီကလည်းကောင်း၊ ပွဲချိန် ၈၄မိနစ်တွင် အယ်လ်ဂျာဘားကလည်းကောင်းသွင်းယူခဲ့သည်။

အင်တာနက်။

ဒလနာရေးကူညီမှုအသင်း အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်မှ နာရေးကူညီမှုအသင်း အလှူငွေပေးအပ်ပွဲနှင့် ဆန္ဒတော်ပြည့် သောင်လုံးမကိုဋ္ဌစေတီတော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကမာကဆစ်ရပ်ကွက်ရှိ အလယ်တန်းကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နာရေးကူညီမှု အသင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ဦးမြင့်မိသားစု (ဝါးခနိုအရောင်းဆိုင်) က လှူဒါန်းရာ အသင်းနာယက ဦးထင်ကျော်ကလက်ခံရယူသည်။ **(ဓါတ်ပုံ)** ယင်းအသင်းအတွက် စုစုပေါင်း ငွေကျပ် ၆၄၅၀၀၀ ရရှိပြီး ဆန္ဒတော်ပြည့် သောင်လုံး မကိုဋ္ဌစေတီတော်အတွက် ကမာကဆစ်ကူးတို့အသင်းက အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ စေတီအတွက် စုစုပေါင်းအလှူငွေကျပ် လေးသိန်းရရှိသည်။ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုသူများ ဖုန်း-၂၆၉၆၅၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အာဂျင်တီးနား၊ နယ်သာလန်၊ မက္ကဆီကိုတို့ အုပ်စုကျွတ်ရန် ကြိုးပမ်းရမည်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဇွန် ၁၆ ရက်(ယနေ့)ပွဲစဉ်အဖြစ် အာဂျင်တီးနား-ဆာဘီးယား၊ နယ်သာလန်-အိုင်ဗရီကို့စ်၊ မက္ကဆီကို-အင်ဂိုလာတို့ ကစားကြလိမ့်မည်။ အာဂျင်တီးနား၊ နယ်သာလန်နှင့်မက္ကဆီကိုတို့သည် တစ်ပွဲစီအနိုင်ရထားသည်။ အာဂျင်တီးနားက အိုင်ဗရီကို့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ နယ်သာလန်က ဆာဘီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ မက္ကဆီကိုက အီရန်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သည်။

အာဂျင်တီးနား-ဆာဘီးယား

၁၆-၆-၂၀၀၆
ဂျယ်(လ်)ဆင်ကာချင်ကွင်း
အချိန်-ည ၇း၃၀ နာရီ၊ သောကြာနေ့
(မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

အာဂျင်တီးနားက အိုင်ဗရီကို့စ်ကို နိုင်ထားသောကြောင့် သုံးမှတ်ရထားသည်။ ဆာဘီးယားက နယ်သာလန်ကို ရှုံးထားသည်။

အိုင်ဗရီကို့စ်နှင့် ကစားစဉ်က အာဂျင်တီးနား၏ ခြေရည်ခြေသွေးသည် လိုသလိုအသုံးချ ကစားသွားနိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် အလယ်တန်းသည် အကောင်းဆုံး လှုပ်ရှားကစားနိုင်သည်။ ကစားကွက်ကိုလည်း ပီပီပြင်ပြင် ဖန်တီးကစားသွားသည်။ သို့သော် နောက်တန်းတွင် အားနည်းချက်အချို့ရှိသည်။ ညာခြမ်းဘက်မှာ အနည်းငယ်လေးသည်။

နယ်သာလန် လက်ရွေးစင်အသင်းမှ ရုဒ်ဗန်နစ္စတယ်ရွိုင်း စတုဂတ်မြို့ရှိ ဂေါ့တီးယက်ဒိုင်မလာအားကစားကွင်း အတွင်း ဇွန် ၁၅ ရက်က လေ့ကျင့်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်နှင့်ကစားသောပွဲတွင် ဆာဘီးယားအသင်း နောက်တန်းကောင်းသည်။ နယ်သာလန်၏ တိုက်စစ်ကိုကောင်းစွာဟန့်တားနိုင်သည်။ ကွင်းလယ်ကစားကွက်သည် နယ်သာလန်၏ အောက်တွင် နစ်မြုပ်နေသောကြောင့် ပီပီပြင်ပြင် မတွေ့ရချေ။ တစ်နည်းဆိုရသော် အာဂျင်တီးနား၏ ကွင်းလယ်ကို ယှဉ်နိုင်ဖို့ခက်သည်။ ဆာဘီးယား၏ တိုက်စစ်မှူးများဖြစ်သော မီလိုဆီဗစ်နှင့်ကက်ဇ်မန်းတို့က အာဂျင်တီးနား၏ အားပျော့သော ညာခြမ်းကို ကောင်းစွာခြိမ်းခြောက်နိုင်သည်။

နှစ်သင်း၏ ခြေရည်ခြေသွေးကို ယှဉ်ကြည့်ရာတွင် အာဂျင်တီးနားက ပို၍ကောင်းသည်။ အထက်စီးမှ ဦးဆောင်၍ ကစားရမည့်အနေအထားတွင်ရှိသည်။ အကယ်၍ ဆာဘီးယားသည် နယ်သာလန်နှင့်ကစားသော ခံစစ်အတိုင်းကစားနိုင်ခဲ့လျှင် အာဂျင်တီးနား အနိုင်ရဖို့ ခက်ခက်ခဲခဲရုန်းကန်ရလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အာဂျင်တီးနားသည် ယခုပွဲကို မနိုင်နိုင်အောင် ကစားလိမ့်မည်ဖြစ်သည်။ ဂိုးပြတ်၊ မပြတ်ကိုသာ စောင့်ကြည့်ရမည်။ ဆာဘီးယား ပွတ်ကာသီကာ ရှုံးခဲ့လျှင် ကံကောင်းသည်ဟု ဆိုရပေမည်။

ဂမ်ဆိုင်း

နယ်သာလန်-အိုင်ဗရီကို့စ်

၁၆-၆-၂၀၀၆
စတုဂတ်ကွင်း
အချိန်-ည ၁၀း၃၀ နာရီ၊ သောကြာနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဆာဘီးယားကိုနိုင်သောကြောင့် နယ်သာလန် သုံးမှတ် ရထားသည်။ အိုင်ဗရီကို့စ်က အာဂျင်တီးနားကို ရှုံးထားသည်။ တစ်မှတ်မှ မရသေးဘဲရှိသည်။ အိုင်ဗရီကို့စ်အနေဖြင့် အမှတ်ရအောင် ကြိုးစားရမှာဖြစ်သကဲ့သို့ နယ်သာလန်အနေဖြင့်လည်း အုပ်စုတက်ဖို့ အားထုတ်ရမည်ဖြစ်သည်။ အကယ်၍ ယခုပွဲတွင် ခြေချော် လက်ချော်ဖြစ်ခဲ့လျှင် နယ်သာလန်၏ အုပ်စုတက်ရေးရောင်ခြည်သည် မှေးမှိန်သွားနိုင်သည်။ သို့ဖြစ်၍ ဤပွဲသည် အကြိတ်အနယ် ရှိလိမ့်မည်ဖြစ်သည်။

အာဂျင်တီးနားနှင့်ကစားသော အိုင်ဗရီကို့စ်၏ ခြေရည်သည် တန်းရှိသည်။ တစ်ဦးချင်း စွမ်းရည်ကောင်းသော ကစားသမားများပါဝင်သည်။ အာဂျင်တီးနားကဲ့သို့သော အသင်းကြီးမျိုးကို ယှဉ်ကစားပြီး ဒုက္ခပေးနိုင်ခဲ့သည်။ နောက်တန်းနှင့် ကွင်းလယ်တို့တွင် အိုင်ဗရီကို့စ်သည် နယ်သာလန်ကို ယှဉ်နိုင်သည်ဟု ထင်သည်။ အကယ်၍ ဒရော့ဘာကဲ့သို့သော တိုက်စစ်မှူး နောက်တစ်ယောက်သာရှိခဲ့လျှင် နယ်သာလန် အရှုံးဘက်သို့ ရောက်သွားနိုင်သည်။

ဆာဘီးယားပွဲ၌ နယ်သာလန်၏ ကစားပုံသည် ငြီးငွေ့စရာကောင်းသည်။ တစ်သမတ်တည်း ရော်ဘင်ဘက်မှသာ ထိုးဖောက်ကစားသည်ကို တွေ့ရသည်။ တိုက်စစ်မှန်သမျှကို ဘေးစွယ်များမှသာ လှုပ်ရှားကစားစေသည်။ ဆာဘီးယားသည် အောက်အသင်းတစ်သင်းဖြစ်သောကြောင့် နယ်သာလန်သည် အထက်စီးမှ စိတ်ကြိုက်ကစားသွားခြင်းဖြစ်သည်။

ကစားခဲ့သော ပွဲအနေအထားကိုကြည့်လျှင် စာရေးသူက အိုင်ဗရီကို့စ်အား ပို၍သဘောကျသည်။ နယ်သာလန်၏ ကစားပုံကိုမကြိုက်ပါ။ သို့သော် လူအင်အား၊ အတွေ့အကြုံ၊ ကစားပုံများကိုယှဉ်ကြည့်ရာတွင် နယ်သာလန်က အိုင်ဗရီကို့စ်ထက်သာသည်။ ထို့ကြောင့် အိုင်ဗရီကို့စ်က အောက်မှလိုက်ကစားရမည်။ တစ်ဂိုးလောက်ဖြင့် ကပ်ရှုံးခဲ့လျှင်တောင် ပထမအကြိမ် ခြေစစ်ပွဲအောင်ခဲ့သော အိုင်ဗရီကို့စ်အတွက် ကျေနပ်ဖွယ်ကောင်းသည်။ သရေကျခဲ့မည်ဆိုလျှင် ပို၍ပင် ဝမ်းမြောက်ဖွယ်ကောင်းပေသည်။

မက္ကဆီကို-အင်ဂိုလာ

၁၇-၆-၂၀၀၆
ဟမ်နိုဗာကွင်း
အချိန်-နံနက် ၁း၃၀ နာရီ၊ စနေနေ့
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

မက္ကဆီကို တစ်ပွဲနိုင်ထားသောကြောင့် သုံးမှတ်ရထားသည်။ အင်ဂိုလာက ပေါ်တူဂီကို ရှုံးထားသည်။ တစ်မှတ်မှမရသေးဘဲရှိသည်။

ပေါ်တူဂီနှင့် ကစားသောပွဲတွင် အင်ဂိုလာ၏ ခြေရည်ခြေသွေးကောင်းသည်။ ပေါ်တူဂီများကို ယှဉ် ကစားသွားသည်။ တစ်ချက်တစ်ချက်တွင် အင်ဂိုလာသည် ပေါ်တူဂီနောက်တန်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ကွင်းလယ်ကစားကွက်ကိုလည်း ဖျက်ထုတ်ကစားနိုင်သည်။ ရှေ့၊ လယ်၊ နောက် မျှပြီးသင့်သည်။ နောက်တန်း အနည်းငယ် အားပျော့သည်မှလွဲ၍ ပြောစရာမရှိပေ။

ထို့ကြောင့် အင်ဂိုလာသည် မက္ကဆီကိုကို ယှဉ်နိုင်သည် မက္ကဆီကိုက အီရန်ကို အထက်စီးမှ ကစားသွားသည်။ ထို့ကြောင့် မက္ကဆီကို၏ ခြေမှန်ကို ခန့်မှန်းဖို့ အနည်းငယ်ခက်သည်။ သို့သော် မက္ကဆီကို၏ ကစားပုံသည် ကောင်းသည်။ တစ်ဦးချင်း ကျွမ်းကျင်မှုလည်း ကောင်းသည်။

မည်သို့ပင်ဖြစ်စေ မက္ကဆီကိုသည် အုပ်စုတက်ဖို့ရန်အတွက် အနိုင်ရအောင် မဖြစ်မနေကစားရမည် ဖြစ်သည်။ နှစ်သင်းအနေအထားကို ယှဉ်ကြည့်ရာတွင်လည်း မက္ကဆီကိုအနေဖြင့် ခြေသာ၊ လူသာသည်။ ကစားပုံလည်း သာသည်။ မက္ကဆီကို အနိုင်ရရန် အခွင့်အရေးသာသည်။

သို့သော် မက္ကဆီကို ကစားမည့်အသင်းသည် အီရန်မဟုတ်သည်ကိုတော့ သတိပြုရမည်ဖြစ်သည်။ အင်ဂိုလာ ကစားသမားအများစုသည် ပေါ်တူဂီ တွင် အခြေချကစားနေသူများဖြစ်သည်။ ထို့ကြောင့် မက္ကဆီကို အနေဖြင့် ပြတ်ပြတ်သားသား အနိုင်ရဖို့ရန် ခက်လိမ့်မည်ဖြစ်သည်။ သရေကျနိုင်သလို နိုင်လျှင်လည်း ပွက်ကာသီကာပင် ဖြစ်နိုင်သည်။ ။



ဇွန် ၁၃ရက်က လသာမြို့နယ် အထက(၂) မြညီလာခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြပြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ကျော်မြင့် ပညာပေးဟောပြောစဉ်။
(ပညာရေး)

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ငွေကြာရံကျောင်းဒါယကာ ဦးဘငြိမ်း၊ ဒါယိကာမကြီး ဒေါ်ခင်စီ၊ ခင်ပွန်း ဦးသိန်းတို့အား ရည်စူး၍ ဒေါ်ခင်စိန်၏ (၇၂)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်း ၁၄၅လမ်းမှ ဒေါ်ခင်စိန်မိသားစုက အလှူငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာအေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဓမ္မစာမူဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

ဓမ္မစာမူဆုချီးမြှင့်ပွဲကို ဇွန် ၁၀ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ကျင်းပရာ စတုဘုမ္မိကဗဟို၌ာနချုပ်ကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် သာသနာ့ဓဇ ဘဒ္ဒန္တခေမိန္ဒာစာရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဓမ္မစာမူပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ တရားစခန်းကော်မတီ နာယက ဦးမြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ပထမဆုရရှိသူ မယဉ်ယဉ်ထွေးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသူ ဦးမြဟန်(ခ)ဦးခလေးအား နာယက ဦးမြင့်ဆွေက လည်းကောင်း**(အပေါ်ပုံ)**၊ တတိယဆုရရှိသူ ဦးအေးလွင်အား နာယက ဦးအေးကြည်က လည်းကောင်း ဆုများချီးမြှင့်ကြပြီး မယဉ်ယဉ်ထွေးနှင့် ဦးမြမောင်(ကောလင်း)တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် စတုတ္ထအကြိမ် မဟာသတိပဋ္ဌာန်တရားစခန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ရှင်းလင်းတင်ပြပြီး ပရိသတ်တို့က တရားစခန်းကော်မတီ နာယကအဖွဲ့ဥက္ကဋ္ဌ သံတွဲဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တသုန္ဒရထံမှ ဩဝါဒခံကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် ရေတွင်းလမ်းနေ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ခင်မျိုးသန့်တို့က ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း လားရှိုးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသော ဆင်းရွှေလီ အထူးအထွက်တိုး စပါးနှင့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသော မစ္စတာ ဘွာဆွန်၊ ဘူဖာဝမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့နယ် ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး ကောက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး စံပြ ၇၀၅ ဧက ကောက်ရိတ်သိမ်းပွဲသို့ ရောက်ရှိလာရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ရောက်ရှိရာ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror

အင်တာနက်သတင်း

ပလတ်စတစ်အိတ် သုံးစွဲမှု လျှော့ချရေး ဂျပန်၌ ဥပဒေပြဌာန်းမည်

တိုကျို ဇွန် ၁၅

ဂျပန်နိုင်ငံတွင် ပလတ်စတစ်အိတ် သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ ပြဌာန်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက ဇွန် ၁၅ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ကုန်ပဒေသာစတိုးဆိုင် အားလုံးတွင် ပလတ်စတစ် အိတ်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိပြီး ပလတ်စတစ်အိတ်များ သုံးစွဲမှုလွန်ကဲလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်ပေါ်သဖြင့် ဥပဒေပြဌာန်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ပလတ်စတစ်အိတ် ဆိုင်ရာ ကုန်သွယ်ရေးအသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဟိုက်ဒဲကီနာကာဟာရီက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် နေ့လယ်စာထမင်းဘူးများမှသည် အဖျော်ယမကာများအထိ လည်းကောင်း၊ သတင်းစာများမှသည် မဂ္ဂဇင်းများအထိလည်းကောင်း ဝယ်ယူရာတွင် ပလတ်စတစ်အိတ်ကို ထုပ်ပိုးပစ္စည်းအဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက် ရှိနေသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ■

ယနေ့မိုးလေဝသ

၁၆–၆–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

SNLD ပါတီဝင်များအနေဖြင့် နယ်မြေလူထုကို ဦးဆောင်လမ်းပြနိုင်မှုမရှိ၊ လူထုကလည်း ပါတီအပေါ် ယုံကြည်မှုမရှိ နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုကြောင့် ပြည်သူများအကျိုးကျေးဇူးခံစားနေရသည်ကိုတွေ့ရ၍ အမြင်မှန်ရ တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်နာယက ဦးဆန်းအေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝင်း အပါအဝင် အဖွဲ့ဝင် ရှစ်ဦးတို့သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)မှ နုတ်ထွက်ကြောင်းငင်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●